မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၅၉)

နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စုစည်းညီညွတ်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်တွေ့ ဆောင်ရွက်မှုများနဲ့ ပြည်သူများရဲ့ တည်ငြိမ်အေးချမ်းမှုကို ရယူလိုတဲ့ဆန္ဒတွေကြောင့် တိုင်းရင်းသားများ နေထိုင်ကြတဲ့ နယ်စပ်ဒေသအပါအဝင် နယ်မြေအားလုံးလိုလို တည်ငြိမ်အေးချမ်းမှုရဲ့ ရလဒ်ကောင်းတွေကို ခံစားနေကြရပြီဖြစ်တယ်။ ပြည်သူများရဲ့ဆန္ဒ၊ ပြည်ထောင်စုကြီးရဲ့ ရေရှည်အကျိုးအတွက် ဆက်လက်ကြိုးပမ်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) ပဉ္စမနေ့တွင် သြဝါဒစကားမြွက်ကြားစဉ်။ (သတင်းစဉ်)

ပြည်သူတွေရဲ့ လူနေမှုဘဝပြည့်စုံလုံခြုံရေးအတွက် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ကာကွယ်ထိန်းသိမ်းကာ ပိုမိုတိုးတက်ခိုင်မာအောင် တစ်ဆင့်ပြီးတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများရဲ့ဆန္ဒခံယူပြီး အတည်ပြုနိုင်ခဲ့၍ ဆက်လက်ခိုင်မြဲအောင်ထိန်းသိမ်း

၂၀၁၀ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားမျှတသည့်ရွေးကောက်ပွဲတွေကျင်းပပေးသွားမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) ပဉ္စမနေ့(ယနေ့)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသော သြဝါဒစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မောင်တို့မယ်တို့-

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို တက်ရောက်လာကြတဲ့ မောင်တို့မယ်တို့အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြုနှုတ်ခွန်းဆက်လိုက်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉)ကို နိုဝင်ဘာ ၂၂ရက်မှစတင်၍ နေပြည်တော်ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်ကြီး၌ ကျင်းပခဲ့သည်။

သြဝါဒစကားမြွက်ကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်

စာမျက်နှာ ၆ ကော်လံ ၁ ●

28-11 (01).pmd 1 11/28/2009, 2:52 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၂၈ ရက်)

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဖော်ဆောင် သဘာဝအလှနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် သဘာဝအလျောက်ဖြစ်တည်နေသော အလှများနှင့်ပြည့်စုံသော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်းများပြားလှသော ယဉ်ကျေးမှုအမွေအနှစ်များ၊ စိမ့်စမ်းရေတံခွန်များ၊ သဘာဝကမ်းခြေများသည် ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အခြေခံကောင်းများကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဖော်ဆောင်ရာ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလည်း အပါအဝင်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးပါသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခု စီးပွားရေးတိုးတက်ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်စွမ်းရှိသည့် သဘာဝအလျောက်ဖြစ်တည်နေသော အင်းလေးကန်၊ ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ စက်စဲကမ်းခြေနှင့် ချောင်းသာကမ်းခြေတို့သည် သဘာဝအလှနှင့် ပြီးပြည့်စုံလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်သည် တောင်ပေါ်ဒေသတွင် တည်ရှိနေပြီး ကမ္ဘာ၌ပါ ထင်ရှားသောသဘာဝကန်ကြီးဖြစ်သလို အင်းသားတို့၏ လှေလှော်ခတ်မှုတွင် ခြေထောက်နှင့်လှော်ခတ်မှုသည် ထူးခြားမှုတစ်ခုဖြစ်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် ရှေးခေတ်ဗိသုကာအနုပညာလက်ရာများကို တွေ့ရှိနိုင်ပြီး ထင်ရှားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့သည် ထူးခြားစိတ်ဝင်စားဖွယ်ကောင်းလှသောမြို့ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရန် အခွင့်အလမ်းများ ဖော်ထုတ်ခြင်း၊ သာယာလှပသည့်ရှုခင်းနှင့် ရှေးဟောင်းအမွေအနှစ်များပေါများသည့် မြန်မာနိုင်ငံကို ထင်ရှားသည့်ခရီးစဉ်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ပူးပေါင်းခြင်းတို့ဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသော ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ပြီးအောင်မြင်စေရန် နိုင်ငံအတွင်းတည်ရှိနေသော သဘာဝအလှများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းရင်းသားပြည်သူများက တာဝန်သိသိ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဇာနည်အထက် ၁၁ လမ်း အမှတ် ၄၃၁နေ ဒေါ်ခင်မြင့်(တက်နေဝင်း)က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒေါက်တာဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပြင်ဦးလွင်၌ ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြော

ပြင်ဦးလွင် နိုဝင်ဘာ ၂၇

ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြင်ဦးလွင်ခရိုင် ဥက္ကဋ္ဌဦးအောင်မြင်က အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ယာဉ်မတော်တဆဖြစ်မှုများကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းများ၊ မော်တော်ဆိုင်ကယ် မတော်တဆဖြစ်ပွားမှုလျော့နည်းစေရေးအတွက် လိုက်နာရန်လိုအပ်ချက်များ၊ ကျော်ရန်၊ ကွေ့ရန်၊ ရပ်ရန်၊ နောက်ဆုတ်ရန်တို့အတွက် စည်းကမ်းချက်များ၊လမ်းညွှန်၊လမ်းအမှတ်အသား အချက်ပြနည်းစနစ်စသည်တို့ကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နှင်းဖြူက အငှားယာဉ်များ လိုက်နာရမည့် စည်းကမ်းများကိုလည်းကောင်း၊ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကို ပြင်ဦးလွင်ခရိုင် ဥပဒေရုံးမှ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးမောင်မောင်လေးက ရှင်းလင်းပြောကြားသည်။ **(ခရိုင် ကညန)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် ညနေ ၅နာရီခွဲက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်အတွင်းရေးမှူး၊ အငြိမ်းစားအရာရှိများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းတစ်ဦးလျှင် အဝတ်အထည်ပစ္စည်းမျိုးစုံနှင့် ငွေကျပ်၁၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၇၇၀၂၅၀ ကို ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်ထားထားဝင်းက လက်ခံယူသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

နေပြည်တော် မြန်မာ့အသံ

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

(၂၉-၁၁-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် **(မင်္ဂလသုတ်)** မဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၉း၃၀	ဘဝအသွင်ကဗျာ့အမြင် (မေတ္တာပန်းခင်းထဲကအမေ) တေးပဒေသာ
၉း၄၅	ဘဝတစ်ကွေ့အတွေ့အကြုံ (မတွန့်မဆုတ် အလုပ်လုပ်)
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၂၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (အိမ်ရှင်မများ ပခုံးကြွက်သားများ သန့်မာစေရန်)
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တေးစီးရီး (စဉ်းစားပါ)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ် (၄၇)
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများ အတွက်ပုံပြင် မောင်ဒီပနဲ့မောင်သီဟ)
၁၂း၁၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေ လူ့မိတ်ဆွေ- ၁။ အိုလီဗာတွစ်ခ်-ဦးသိန်းလွင် ၂။ မနုဟာသခင်ကြီး၏ လျှို့ဝှက်မှတ်တမ်း-ဘုန်းပြည့်တေဇာ
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	သိလိုသမျှမေး ကျန်းမာရေး(၆)
၁၃း၂၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်းတေးပဒေသာ
၁၇း၃၅	တုံ့ပြန်ဖြေကြား အနုပညာရှင်များ (ဇင်ဇင်ဇော်မြင့်)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀	သုတစုံကြွယ်သိစေဖွယ် (ဘဝအားမာန်)
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	Talk on Line (ဝိုင်းစုခိုင်သိန်း) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (Big Bag) စီးပွားရေးဦးတည်ချက်
၂၀း၄၀	လယ်ယာစီးပွား (ထွန်ရေးမဲ့ ပဲပုပ်စိုက်ပျိုးနည်း)
၂၀း၅၀	ညနေခင်းတေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၂၀	ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀	ခေတ်မရွေးသောတေး
၂၂း၀၀	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

(၂၈-၁၁-၂၀၀၉) (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ(အပိုင်း-၁)**
၁၂း၀၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား(အပိုင်း-၄၅)**

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၃။	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့(အပိုင်း-၂၃)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု စွမ်းအင်ပြည့်ဖြိုးပြည်အကျိုး
	၂၀။	လူရွှင်တော်စတား
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်(အပိုင်း-၆)**

✻ *ကျောဖုံးမှ*

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ည ၇ နာရီတွင် ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံရာသို့ ရောက်ရှိလာပြီး အသင့် ကြိုဆိုနေကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉)သို့ တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အဆင့်(၁)မှ (၁၀)အထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်စွာပထမ အဆင့်ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများ၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုငါးခုနှင့်အထက် ရရှိကြသော ကျောင်းသား ကျောင်းသူများ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် တေးသံရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေး (၂၀၀၉) သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ်မောင်မယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် အစည်းအဝေး (၂၀၀၉) သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ်မောင်မယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉) ကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ်မောင်မယ်များ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ တေးသံရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီဆိုဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

(သတင်းစဉ်)

အာဖဂန်တောင်ပိုင်း၌ စစ်သွေးကြွ အများအပြားဖမ်းမိ

ကဘူးလ် နိုဝင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် အာဖဂန်လုံခြုံရေး တပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့တို့ ပူးပေါင်း စစ်ဆင်ရေးဆင်နွှဲစဉ်အတွင်း စစ်သွေးကြွဟု သံသယရှိသူအများအပြားကို ဖမ်းဆီးရမိ ကြောင်း အင်တာနက်သတင်း၌ ဖော်ပြ သည်။

ဖမ်းဆီး

အဆိုပါ စစ်ဆင်ရေးအတွင်း အပြန် အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းမရှိဘဲ ၄င်း တို့ကိုဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး ကဘူးလ်မြို့ တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိ လိုဂါပြည်နယ်တွင် ပူးပေါင်းတပ်ဖွဲ့က တာလီဘန် အသေခံဗုံးခွဲသမားတစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီးနောက် ၄င်းနှင့်ဆက်နွယ် လျက်ရှိသူ စစ်သွေးကြွများအား ဖမ်းဆီးခဲ့ ခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

လျှပ်စစ် မော်တော်ကား

ပြင်သစ်နိုင်ငံ ပါရီ မြို့ ရှိ မော်တော်ကား အရောင်းပြခန်း၌ ပြသထား သည့် လျှပ် စစ် မော်တော်ကား ကို နိုဝင်ဘာ ၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

အာဖရိကမှ ယီမင်သို့ တစ်ဆင့်ခိုးဝင်သူများ လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးအရေးယူ

ဆာနာ နိုဝင်ဘာ ၂၇

ယီမင်ရဲတပ်ဖွဲ့သည် ယီမင်နိုင်ငံကမ်းခြေဒေသများမှ ခိုးဝင်လာသည့် အာဖရိက နိုင်ငံသား စုစုပေါင်း ၇၂ ဦးအား ဖမ်းဆီးလိုက်ကြောင်း ယီမင်နိုင်ငံပိုင် ဆာဘာ သတင်းဌာနက နိုဝင်ဘာ ၂၅ရက်တွင် ဖော်ပြသည်။

ယီမင်လုံခြုံရေးရဲတပ်ဖွဲ့သည် ယီမင် သုံးငွေ ရီယယ်သန်း ၃၀ (အမေရိကန် ဒေါ်လာ ၁၄၅၆၀၀)တန်ဖိုးရှိ အဆင့်မြင့် အရက်သေစာ ၅၅၇မျိုးကို ထိုခိုးဝင်လာသူ များနှင့်အတူ သိမ်းဆည်းလိုက်ကြောင်း၊ အာဖရိကတိုက်သားများမှာ ပင်လယ်ရေ ကြောင်းမှ တရားမဝင် ရောက်ရှိခြင်းဖြစ် ကြောင်း လာဟီပြည်နယ် မူခင်းစုံစမ်း စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး အဗ္ဗဒူဆာလမ်အယ်ရာဒီက ပြောကြားသည်။

ပျောက်ဆုံး

၂၀၀၈ခုနှစ်တွင် အာဖရိကတိုက်သား ၅၀၀၀၀ခန့်သည် ယီမင်နိုင်ငံသို့ မှောင်ခို လှေများဖြင့် ခိုးဝင်လာခဲ့ကြကြောင်း၊ ယင်းတို့အနက် ခိုးဝင်လာသူ ၅၉၀ခန့်သည် ပင်လယ်အတွင်းရေနစ်သေဆုံးကာ အခြား ၃၅၉ ဦးသည် ပင်လယ်ပြင်တွင် ပျောက်ဆုံး လျက်ရှိသည်။ **(အင်တာနက်)**

ပြင်သစ်စစ်သင်္ဘော

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ နီဗားမြစ်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာ သွားသော မီစထရယ်အမည်ရှိ ပြင်သစ် စစ်သင်္ဘောကို နိုဝင်ဘာ ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာ၌ ကန်စစ်စခန်းထားရှိရေးကိစ္စ ဗင်နီဇွဲလားက လုံခြုံရေးကောင်စီသို့တိုင်ကြား

ဂျီနီဗာ နိုဝင်ဘာ ၂၇

ကိုလံဘီယာနိုင်ငံ၌ စစ်စခန်းထားရှိရေးဆိုင်ရာ ကိုလံဘီယာ-အမေရိကန်သဘောတူစာချုပ်မှာ ဒေသတွင်းငြိမ်းချမ်းရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် စဉ်းစားပေးပါရန် ဗင်နီဇွဲလားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တိုင်ကြားလိုက်သည်။

အမေရိကန်စစ်စခန်းထားရှိရေးမှာ တောင်အမေရိကတိုက်တွင် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်သည့် အရေးတကြီး ပြဿနာတစ်ရပ်ပင်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အကြောင်းကြားပြီးနောက် ကုလသမဂ္ဂဆိုင်ရာ ဗင်နီဇွဲလားသံအမတ်ကြီး ဇယ်လာရိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပိုမိုဆိုးရွားလာ

ကိုလံဘီယာနှင့် ဗင်နီဇွဲလားနိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာနေသည်မှာ ကြာပြီဖြစ်သည်။ သို့သော် မူးယစ်ဆေးဝါးတိုက်ဖျက် ရေးအတွက် ကိုလံဘီယာသို့ အမေရိကန်တပ်ဖွဲ့ဝင်များအား လက်ခံသည့် နှစ်နိုင်ငံသဘောတူစာချုပ်ကို ဇူလိုင်လက လက်မှတ်ရေးထိုး ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။ ***(အင်တာနက်)***

ဒေါ်လာတန်ဖိုးကျ ရွှေတန်ဖိုး စံချိန်တင်မြင့်တက်

ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုး မှာ ၁၅လအတွင်း အနိမ့်ဆုံးသို့ကျစဉ် ရွှေဈေးမှာ ယခုရက်သတ္တပတ်အတွင်း တတိယအကြိမ်အဖြစ် တစ်အောင်စလျှင် ၁၁၉၅ ဒေါ်လာအထိ စံချိန်တင် မြင့်တက် သွားကြောင်း သိရသည်။

ဝယ်ယူ

အိန္ဒိယ၊ ရုရှားနှင့် မောရစ်သျှနိုင်ငံတို့က ရွှေကိုအလောတကြီး ဝယ်ယူကြပြီးနောက် သီရိလင်္ကာနိုင်ငံကလည်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ထံမှ ရွှေမက်ထရစ် ၁၀တန် ဝယ်ယူကြောင်း သိရသည်။

(အင်တာနက်)

အေအိုင်ဒီအက်စ် ရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူ ၂၅သန်းရှိ

ဂျီနီဗာ နိုဝင်ဘာ ၂၇

ကမ္ဘာ့နေရာအနှံ့အပြားတွင် အိတ်ချ် အိုင်ဗွီ/အေအိုင်ဒီအက်စ် ခုခံအားကျဆင်းမှု ရောဂါကြောင့် သေဆုံးသူ ၂၅သန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူ အိတ်ချ်အို)နှင့် ကုလသမဂ္ဂ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အစီအစဉ်(ယူအင်န်အိတ်ချ်) တို့၏ ပူးတွဲအစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

မကြာမီက ထုတ်ပြန်သည့် အဆိုပါပူးတွဲအစီရင်ခံစာ၌ ကမ္ဘာတစ်ဝန်းတွင် အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးတွေ့ရှိသူ ၃၃ဒသမ ၄သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ ဤရောဂါကူးစက်ပျံ့နှံ့ပြီးနောက်ပိုင်း သေဆုံးသူ ၂၅သန်း အပါအဝင် ကူးစက်ဖြစ်ပွား သူ သန်း ၆၀နီးပါးရှိကြောင်း ပူးတွဲအစီရင်ခံစာ၌ ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့၌ ကျင်းပသည့် ယဉ်ကျေးမှု ပွဲတော်၌ ကျူပင် ကျူရိုး ပန်းအကဖြင့် သရုပ်ဖော် တင်ဆက်ကပြနေသည်ကို နိုဝင်ဘာ ၂၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာဖဂန်နစ္စတန်နှင့် အီရတ်စစ်ပွဲများ အမေရိကန်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံမှ သူပုန်နှိမ်နင်းရေးအတွက် အမေရိကန်နိုင်ငံအနေဖြင့် တပ်ဖွဲ့ဝင်အများအပြားစေလွှတ်ပြီး ဘဏ္ဍာငွေကြေး ကုန်ကျသဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဂစ်က ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့၏ လေ့ကျင့်ရေးနှင့်ထိန်းသိမ်းရေး ကုန်ကျ စရိတ်အပြင် ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး အတွက် တစ်နှစ်လျှင် ဒေါ်လာတစ်သန်းခန့်ကုန်ကျကြောင်း ၄င်းက ပြောကြားသည်။

ဝန်ထုပ်ဝန်ပိုး

အီရတ်နှင့် အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၈၀၀၀၀ ကျော် စေလွှတ်ထားပြီး သမ္မတအိုဘားမား၏အစီအစဉ်ဖြင့် အာဖဂန် နစ္စတန်သို့ နောက်ထပ်တပ်ဖွဲ့ဝင် ၃၄၀၀၀ ထပ်မံစေလွှတ်ရဖွယ် ရှိသည်။ စစ်ပွဲနှစ်ပွဲအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်၌ နောက်ထပ် ရှစ်နှစ်ကိုးနှစ် ဆက်ထားမည်မဟုတ်ဟုလည်း ၄င်းက ပြောကြား သည်။ **(အင်တာနက်)**

တောင်ကိုရီးယား၌ A(H1N1)ရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၄ဦးရှိ

ဆိုးလ် နိုဝင်ဘာ ၂၇

တောင်ကိုရီးယား၌ A(H1N1) တုပ်ကွေးရောဂါဖြင့် ထပ်မံ သေဆုံးသူ ၂၂ ဦးရှိကြောင်း နိုဝင်ဘာ၂၅ရက်တွင် ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ၄င်းနိုင်ငံတစ်ဝန်း ယင်း ရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၄ဦးရှိသွားပြီဟု အဆိုပါသတင်း၌ ဖော်ပြသည်။

လျော့ကျ

ယခင်လနှောင်းပိုင်းက A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူ၂၄ဦးရှိရာ သေဆုံးသူဦးရေ အမြင့်ဆုံးအခြေအနေဖြစ်ခဲ့ပြီး ယခုလဒုတိယရက်သတ္တပတ်တွင် ယင်းရောဂါကူးစက်ပြန့်ပွားမှု လျော့ကျသွားကြောင်း ရောဂါကုသရေးဌာနချုပ်က ပြောကြား သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၂၇ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကဘူးလ်မြို့အနီး ရဟတ်ယာဉ် အရေးပေါ်ဆင်းသက်

ကဘူးလ် နိုဝင်ဘာ ၂၇

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ် အေအက်ဖ်)သို့ ထောက်ပံ့ပစ္စည်းများ ပေးပို့နေသည့် နိုင်ငံတကာ စစ်ဘက်ကန်ထရိုက် တစ်ဦးပိုင် ရဟတ်ယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မှ တောင်ဘက်ကီလိုမီတာ ၈၀ခန့်အကွာ လိုဂါပြည်နယ်တွင် အရေးပေါ်ဆင်းသက်ခဲ့ ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က နိုဝင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

ပြောကြား

တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဖြင့် လိုဂါပြည်နယ်တွင် ရဟတ်ယာဉ် တစ်စင်း ပျက်ကျခဲ့ကြောင်း၊ ရဟတ်ယာဉ်အပျက်အစီးများ ၄င်းတို့ထံတွင်ရှိထား ကြောင်း တာလီဘန်ဟုဆိုသူ ဇာဘီဘူလာမူဂျာဟစ်က ပြောကြားသည်။

တောင်းဆို

အာဖဂန်နစ္စတန်၌ တာလီဘန် လက်နက်ကိုင်များအား အပြီးသတ်ချေမှုန်းရန် နိုင်ငံစုံတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကို ကန်ထိပ်တန်းအရာရှိတစ်ဦးက တောင်းဆို ထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - ရေးသားသည်

ဆော်ဒီအာရေဗျပြည်နယ်အများအပြား မိုးကြီးပြီး ရေလျှံ၊ ၄၈ဦးသေဆုံး

ဆော်ဒီအာရေဗျနိုင်ငံရှိ ပြည်နယ်အများအပြားတွင် မိုးကြီးပြီးရေလျှံသဖြင့် လူဦးရေ ၄၈ဦးနီးပါး သေဆုံးသွားကြောင်း သတင်းရရှိသည်။ ဂျက်ဒါးနှင့် အနီးတစ်ဝိုက်ရှိ ရှေးဟောင်းဒေသများဖြစ်သော မီနာ၊ မူဇဒါလီဖာနှင့် အာရာဖတ်တို့၌ မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန် အိုဘားမားကတိပြု

အမေရိကန်နိုင်ငံ၏ ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှုကို ၂၀၂၀ခုနှစ်မတိုင်မီ ၁၇ရာခိုင်နှုန်း လျှော့ချသွားရန် ရာသီဥတုဆိုင်ရာ ဒိန်းမတ်ထိပ်သီးညီလာခံ မကျင်းပမီ အမေရိကန်သမ္မတ အိုဘားမားက နည်းလမ်းရှာဖွေနေသည်။

ကာဗွန်ဒိုင်အောက်ဆိုက်များ လျှော့ချသွားရန် အိုဘားမား၏ကတိပြုချက်သည် ကိုပင်ဟေဂင်မြို့၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ မတိုင်မီ ပေါ်ထွက်လာခြင်းဖြစ်သည်။

မြောက်ယီမင်တွင် တိုက်ပွဲဖြစ်ပွား၊ ၁၂ဦးသေဆုံး

စစ်မက်ဖြစ်ပွားနေသော မြောက်ယီမင် ဆာဒါးပြည်နယ်မြောက်ပိုင်း၌ ရှီယာ ဟော်တီတိုက်ခိုက်ရေးသမားများနှင့် အစိုးရလိုလားသော တိုင်းရင်းသားမျိုးနွယ်စုများကြား မကြာသေးမီကဖြစ်ပွားသော ရင်ဆိုင်တိုက်ပွဲကြောင့် ရှီယာဟော်တီ တိုက်ခိုက်ရေးသမား ရှစ်ဦးထက်မနည်းနှင့် အစိုးရလိုလားသော တိုင်းရင်းသားမျိုးနွယ်စုလေးဦး သေဆုံးခဲ့သည်။

တောမီးငြိမ်းသတ်ရေး လယ်သမားများပါဝင်ဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်းရှိ စီကျန်ပြည်နယ်ဝမ်လင်းစီးတီးမှ ရှုအိုဟာန်းမြို့၌ ဒေသဆိုင်ရာ တောင်သူလယ်သမားတောမီးငြိမ်းသတ်ရေးတပ်ဖွဲ့က မီးသတ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ယင်းတောင်သူလယ်သမား တောမီးငြိမ်းသတ် ရေးတပ်ဖွဲ့ ၂၂ဖွဲ့တွင် တပ်ဖွဲ့ဝင်စုစုပေါင်း ၅၅၀ ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး အမေရိကန်သမ္မတအိုဘားမားပြောကြား

အမေရိကန်သမ္မတ အိုဘားမားသည် အာဖဂန်နစ္စတန်တွင် ရှစ်နှစ်ကြာဖြစ်ပွားနေသော စစ်ပွဲကို အဆုံးသတ်ရန် အပြီးသတ်ဆောင်ရွက်သွားမည်ဟု သွယ်ဝိုက်ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ သို့မဟုတ် ထို့ထက်ပို၍ စေလွှတ်ရန် အိုဘားမားမျှော်လင့်ထားသည့် မဟာဗျူဟာကြောင့် စစ်မက်ဖြစ်ပွားနေသော အာဖဂန်နစ္စတန်မှတပ်များ အမြန်ထွက်ခွာသွားနိုင်ဖွယ်ရှိသည်ဟု နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

တရုတ်ပြည်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ အောက်ဆီဂျင်ပြတ်၍ ကိုးဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း၌ နိုဝင်ဘာ ၂၆ ရက်နှောင်းပိုင်းက ကျောက်မီးသွေးတွင်း ဓာတ်ငွေ့ပေါက်ကွဲရာမှ ကျောက်မီးသွေးတွင်း အလုပ်သမားကိုးဦး အောက်ဆီဂျင်ပြတ်၍ သေဆုံးသွားပြီး အခြားတစ်ဦးပျောက်ဆုံးနေသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက နိုဝင်ဘာ ၂၇ ရက်၌ ပြောကြားသည်။

ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်တွင် ကျဆင်း

ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် ပထမ ၁၁ လအတွင်း ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) ဆွဲဆောင်မှုသည် နှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ၇၂ ရာခိုင်နှုန်း လျော့ကျကာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံခန့်အထိ ကျဆင်းသွားကြောင်း နိုဝင်ဘာ ၂၇ ရက်ထုတ် ဗီယက်နမ်အစိုးရ အစီရင်ခံစာတွင် ဖော်ပြထားသည်။

(အင်တာနက်)

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ တည်ဆောက်ရေး မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုများကို စေတနာဖြင့် ရိုက်ကူးပေးခဲ့သော ဦးခင်မောင်ကြီး (မြန်မာ့အလင်း သတင်းထောက်)အား ခရိုင် ဥက္ကဋ္ဌ ဦးအောင်မြိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (၁၈၇)

အထက(၂)ဗိုလ်တထောင်(စိန့်ဖီလစ်)မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

အထက(၂)ဗိုလ်တထောင်(စိန့်ဖီလစ်) ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကိုလာမည့် ဒီဇင်ဘာ ၁၂ ရက် (စနေနေ့) နံနက် ၉နာရီတွင် (စိန့်ဖီလစ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ (၁၉၄၅-၂၀၀၈) စာသင်နှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အထက်ပါ စာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)ဒေါ်ခင်အေးမူ ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ် ဆရာမကြီး ဒေါက်တာ ဒေါ်မိုးသူ ဖုန်း-၂၉၁၅၂၃၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း-၅၁၀၅၉၈ တို့သို့ ဆက်သွယ်အကြောင်းကြားကြပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် ဦးမျိုးမြင့် ဖုန်း-၀၉-၅၁၃၂၇၇၇၊ ဦးသီဟန် ဖုန်း-၀၉-၅၀-၁၆၅၃၁၊ ဦးအောင်ချိုဦး ဖုန်း-၀၉-၅၁-၄၈၃၄၉၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀-၄၇၄၄၂၊ ဦးမောင်မောင်စိုး ဖုန်း-၀၉-၅၁-၇၅၀၀၉၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁-၅၈၁၅၉နှင့် ဒေါ်မီမီမောင် ဖုန်း-၀၉-၅၁-၃၀၉၂၀တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (၁၃၅)

စာဖတ်ဝိုင်းနှင့် စာဖတ်ပြိုင်ပွဲ လားရှိုးမြို့နယ် ပညာ့အလင်းစာကြည့်တိုက်တွင် ကျင်းပ

လားရှိုး နိုဝင်ဘာ ၂၇

လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ၂၂ရက် နံနက် ၁၁နာရီက လားရှိုးမြို့နယ် ခေးနင်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ စာဖတ်ဝိုင်းများနှင့် စာဖတ်ပြိုင်ပွဲများ ကျင်းပသည်။

တက်ရောက်

အခမ်းအနားပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းခင်ညွန့်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်မူနှင့် ခေးနင်းကျေးရွာမှ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

စာဖတ်ပြိုင်ပွဲတွင် ဆုရရှိသူများကိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၏

နယ်လှည့်ဟောပြောပွဲ အထက(၄)အလုံ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၄)အလုံတို့ ပူးပေါင်း၍ နယ်လှည့်ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၁၀နာရီက အထက(၄)အလုံခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပညာပြိုင်ရမည့်ခေတ်ခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သက်သက်စံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သောင်ကြီး အလက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့နယ် သောင်ကြီးအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ (၇)ကြိမ်မြောက် ကျင်းပမည်ဖြစ်ရာ ကျောင်းအကျိုးတော်ဆောင် နာယက ရန်ကုန်မြို့နေ ဦးကျော်ဝ၊ ဦးခင်ဝင်းတို့ ဦးဆောင်၍ စေတနာရှင်များ စုပေါင်းပြီး သောင်ကြီး အလက(ခွဲ)နှင့် အနီးပတ်ဝန်းကျင်ရှိ မူလွန် အမက(၅)မှ ဆုရ ကျောင်းသား ကျောင်းသူများကိုပါ ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်ဟု သိရသည်။ **(၁၂၅)**

စိတ်ကူးယဉ် ရုပ်ရှင်ဇာတ်ကား ၂၀၁၂ ရုံဝင်လာ

ဒါရိုက်တာ ညီညီထွန်းလွင်၏ မာမီရှိန်း ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၂၇

ကမ်းထရီးစတား ရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းမြအေးစီစဉ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးသည့် **မာမီရှိန်း** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။ ရှေ့ဆောင်၊ စံပြ၊ ရွှေမန်းနှင့် သီတာရုံတွင် ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးသည့် **သူငယ်ချင်း ယောက္ခမ** ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

၂၀၁၂ ရုံဝင်လာ

ဒါရိုက်တာ Roland Emmerich ရိုက်ကူးထားပြီး John Cusack နှင့် Amanda Peet တို့ ပါဝင်ထားသည့် အနာဂတ်စိတ်ကူးယဉ် **2012** ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ရုံဝင်လာသည်။

လူသားများ၏ သဘာဝလွန်လုပ်ရပ်နှင့် သိပ္ပံပညာများ၏ တီထွင်ဆန်းသစ်မှုများကြောင့် ကမ်းရိုးတန်းနိုင်ငံများ ပင်လယ်ရေမျက်နှာပြင်အောက် မကြာမီကျရောက်တော့မည်၊ ဝင်ရိုးစွန်းဒေသမှ ရေခဲပြင်များ အရည်ပျော်နှုန်းမြန်ဆန်မှုကြောင့် ကမ္ဘာ့ရေမျက်နှာပြင် မြင့်တက်လာပြီဟူသော ဟောကိန်းများနည်းတူ ကမ္ဘာပျက်ခဲ့သည်ရှိသော် လူသားမျိုးနွယ် မပျောက်ပျက်ရေးနှင့် သတ္တဝါမျိုးစိတ်များ ကယ်တင်ရေးအတွက် စီမံဆောင်ရွက်မည့် အစီအစဉ်များကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။ ဆက်တင်နှင့် အထူးပြုလုပ်ချက်များကြောင့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ကြည့်ကြရမည့် ဇာတ်ကားဖြစ်သည်။

ချစ်ကံပွင့်နှင့် မချောလေးဆယ်မှ ဟိန်းဝေယံနှင့် ကြည်လဲ့လဲ့ဦး။

မာမီရှိန်းမှ နေတိုးနှင့် နန်းဆုရတီစိုးတို့၏ ဇာတ်ဝင်ခန်း။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် နာမည်ကြီးသရုပ်ဆောင် အမီရ်ခန်း ပါဝင်ထားသော Mela ဇာတ်ကားရုံဝင်လာပြီး၊ ဘုရင့်ရုံတွင် ရှာရွတ်ခန်နှင့် ဂျာဖန်တို့ပါဝင်ထားသည့် ဘဝသရုပ်ဖော်ဒရာမာဇာတ်ကား Billu Barber ပြသနေသည်။

ချစ်ကံပွင့်ပြဆဲ

ဒါရိုက်တာဒေါနု၏ **ချစ်ကံပွင့်နှင့် မချောလေးဆယ်**ဇာတ်ကားမှာ မြို့လယ် ဆုထူးပန်၊ မင်းရန်အောင် (မြောက်ဥက္ကလာပ)၊ ရွှေလဝင်း (ထောက်ကြန့်)ရုံများတွင် ပြသနေဆဲဖြစ်သည်။

မစဉ်းစားနဲ့ချစ်လိုက်

ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးပြီး ပြေတီဦး၊ ခိုင်သင်းကြည်၊ နဝရက်တို့ ပါဝင်ထားသော **မစဉ်းစားနဲ့ချစ်လိုက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ မဟာမြိုင်နှင့် ဝဇီရာ(၂)လှိုင်သာယာရုံများတွင် ရုံဝင်လာသည်။ အမြွှာညီအစ်ကိုနှစ်ယောက်အကြောင်း ရိုက်ကူးထားသော အချစ်ဟာသဇာတ်မြူးကား ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

● ***ရှေ့ဖုံးမှ***

ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်ကြီး၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉)သို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

ကြိုဆို

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ထူးချွန်လူငယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက်၈နာရီ မိနစ်၅၀တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) ကျင်းပရာ နေပြည်တော်ဒက္ခိဏသီရိမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးသို့ ရောက်ရှိလာရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့က ကြိုဆိုကြသည်။

တက်ရောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) ပဋ္ဌမနေ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ (၂၀၀၉)ခုနှစ် ထူးချွန်လူငယ်များနှင့် အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၈၈၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်အိန္ဒယ်ဖြိုးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါ်လေးလေးမြင့်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၏ ခွင့်ပြုချက်အရ နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉)ပဋ္ဌမနေ့ အစီအစဉ်များ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကား မြွက်ကြားသည်။

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒစကားကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ထူးချွန်လူငယ်များဖြစ်ကြသည့် (၂၀၀၉)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်ပြည်လုံး၌ သိပ္ပံဘာသာ အခြေခံသော ဘာသာရပ်များဖြင့် အဆင့်(၁)မှ (၁၀)အထိရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ၁၉ဦး၊ မြန်မာတစ်ပြည်လုံးတွင် ဝိဇ္ဇာဘာသာအခြေခံသော ဘာသာရပ်များဖြင့် အဆင့်(၁)မှ (၁၀)အထိ ရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ၁၂ဦး၊ ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာအခြေခံသော စိတ်ကြိုက်ဘာသာများဖြင့် ထူးချွန်စွာ ပထမရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၅ဦး၊ ဝိဇ္ဇာဘာသာအခြေခံသော စိတ်ကြိုက်ဘာသာများဖြင့် ထူးချွန်စွာ ပထမရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၄ဦး၊ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ၂၀၀၉ခုနှစ် ထူးချွန်အရန်မီးသတ်လူငယ် နှစ်ဦး၊ ၂၀၀၉ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး၊ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုနှင့် အထက်ရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူ ကျောင်းသား ကျောင်းသူ ၁၄ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ထူးချွန်လူငယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။
(သတင်းစဉ်)

အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များက အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြကာ နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉) နံနက်ပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ မောရွှေ့ဂ်သုတ် ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**တွေ့မြင်သိ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၆:၄၅	ဗုဒ္ဓဝင်ရုပ်စုံတော မယ်လမုစေတီမှာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၀)
၈:၃၀	25th SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (ဘောလုံး) (အမျိုးသမီး)
၈:၅၅	ပန်းမြို့တော်မှ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၉:၁၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မာမီရှိန်း**
၉:၄၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၃၅	ကျေးဇူးတင်တယ် သူငယ်ချင်း
၁၁:၁၀	သွားမယ် စားမယ် (MINN THAR GYI)
၁၁:၂၅	ပြောင်းလဲလာမည့်…သင့်ကမ္ဘာ
၁၁:၄၀	များများသယ် မြန်မြန်ပို့ ပြည်သူတွေစိတ်ချမ်းသာဖို့
၁၁:၅၅	အင်တာနက်လမ်းညွှန် (Crazy Fox Cyber Cafe & Network Game)
၁၂:၁၀	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂:၂၅	ကိုစိန်နှင့် ကိုယ်ဝန်ဆောင်မိခင် စံလင်း၊ မျောက်ရှုံးအေးအေးခိုင်၊ အေးသီတာ (ဒါရိုက်တာ-အောင်မိုးပဲရစ်)
၁၂:၃၅	လှမ်းလာခဲ့ပါ… နှောင်အင်းလေးကကြိုနေမှာ
၁:၀၀	**တွေ့မြင်သိ** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival [Chatrium Dream Wedding (1)]
၃:၃၅	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၃:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မာမီရှိန်း**
၄:၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ချစ်ဖွယ်၊ ဘဂျမ်း၊မောင်ငယ်၊ ခေါ်လေး၊ စိုးလင်းဦး၊ သြဘာ (ဒါရိုက်တာ-ကြည်သာ) (ပွဲကြိုက်ခင်)
၄:၄၅	ပန်းမြို့တော်မှ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၅:၀၅	ကျေးဇူးတင်တယ် သူငယ်ချင်း
၅:၂၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၅:၄၅	ပန်းချီပြခန်း (မုဒိတာပန်းချီပြပွဲ)
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ် စားမယ် (MINN THAR GYI)
၆:၄၀	အနုပညာမိုးကောင်းကင် (နိမိတ်ကောင်းနဲ့လူ)
၇:၀၅	Fashion Music Festival [Chatrium Dream Wedding (1)]
၇:၅၀	အင်တာနက်လမ်းညွှန် (Crazy Fox Cyber Cafe & Network Game)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Shooting Location (မျက်ခြယ်ခြိ)
၉:၀၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၉:၁၅	ပန်းချီပြပွဲ (မုဒိတာပန်းချီပြပွဲ)
၉:၂၅	Barclays Premier League **Man City Vs Hull City**
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၁၀)
၁၁:၅၅	Barclays Premier League **Aston Villa Vs Tottenham**
၁:၃၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Portsmouth-Man Utd	ESPN (Live)
	Man City -Hull City	Star Sports (Live)
၁၁:၅၅	**Aston Villa -Tottenham**	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Northwich Victoria- Lincoln City	Star Sports (Live)
၁၁:၄၀	Carlisle - Norwich City	Star Sports (Live)

ကွင်းဆင်းကြည့်ရှု

ပေါင်မြို့နယ် ကျွဲခြံကျေးရွာ ရွာသစ်ကွင်းအမှတ် (၈၈၈) လယ်သမားကြီး ဦးမောင်မြင့်၏ လုံးသွယ်မွှေး မိုးစပါး စံပြစိုက်ကွက်တွင် စံကွက်ရိတ်သိမ်းနေမှုကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း နိုဝင်ဘာ ၈ရက်က မွန်ပြည်နယ် သထုံခရိုင်၊ မော်လမြိုင်ခရိုင်တို့မှ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုကြစဉ်။ (၁၇၆)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်ဈေးအတွင်း မီးဘေးကြိုတင် သရုပ်ပြလေ့ကျင့်မှုကို နိုဝင်ဘာ ၁၆ရက်က အမှုဆောင်အရာရှိ ဦးမြင့်ဟန် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ

အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၃နာရီက နေပြည်တော် ဘော်လီဘော အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ရှေးဦးစွာ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက တတိယဆုရရှိသော ပြန်ကြားရေးဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဒုတိယဆုရရှိသော အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ပထမဆုရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များကို အသီးသီးချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထရရှိကြသော ဝန်ကြီးဌာနအသင်းများအား ဂုဏ်ပြုငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမား ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၁-၂၀၀၉

(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂုလိမာလသုတ် (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ Crossroads Cafe (Episode-9) (Rush to Judgment)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁:၅၅ ၅။ Yan Can Cook
- ၁၂:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း- ၄၉)
- ၁၂:၄၀ ၇။ အဆိုပြိုင်ပွဲ
- ၁၂:၅၅ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၁၃:၁၅ ၉။ ဂီတသံစဉ်အလှဆင်
- ၁၃:၃၀ ၁၀။ **သာယာရွှေပြည်တို့နေပြည်**
- ၁၄:၀၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၂၅ ၁၂။ အတီးပြိုင်ပွဲ
- ၁၄:၅၀ ၁၃။ International News
- ၁၅:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အရေးပြိုင်ပွဲ
- ၄:၂၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၀၀ ၆။ မိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ကောင်းခြင်းဝေဖြာ
- ၅:၂၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၄၅ ၁၃။ ယဉ်တစ်ကိုယ်မယ် **ကာရန်သင့်မယ့် မနက်ဖြန်များ** အေသင်ချိုဆွေ၊ နန်းဝတ်ရည်၊ ယုလေး (ဒါရိုက်တာ-ခေတ်ဘုန်းမို)
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၆၃)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၁၅)
- ၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းက သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော် (ရေ) အသင်းတို့သည် ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ငါးဂိုး-လေးဂိုးဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော် (လေ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါက်ခေါင်းမြို့ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

ပေါက်ခေါင်း နိုဝင်ဘာ ၂၇

ပဲခူးတိုင်း ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်နှစ်အမှုထမ်းခဲ့သော အသက်ဖိတ်ဝနှင့်အထက် ဆရာကြီး ဆရာမကြီးများအား တပည့်ဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက ရွှေရတုခန်းမ၌ကျင်းပရန် စီစဉ်ထားသည်။

ရပ်ဝေးရပ်နီးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးချစ်ဦးမောင် (ရန်ကုန်) ဖုန်း-၀၁-၅၁၅၃၀၃ (၂၀၄)၊ ဦးမျိုးညွန့် (ရန်ကုန်) ဖုန်း-၀၉-၅၀-၆၈၆၄၉၊ ဒေါ်သောင်းသောင်းဝင်း (မန္တလေး) ဖုန်း-၀၂-၆၀၈၉၁၊ ဦးဇော်ဇေယျ (ပြည်မြို့) ဖုန်း-၀၉-၅၃-၁၁၃၅၅၊ ဦးသောင်းတင် (ပေါက်ခေါင်း) ဖုန်း-၀၅၃-၂၅၇၆၈နှင့် ဦးအုန်းလွင် (ပေါက်ခေါင်း) ဖုန်း-၀၅၃-၂၄၇၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ်
(တနင်္ဂနွေနေ့)၂၉-၁၁-၂၀၀၉ ရက်
၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွက်
၁၃-၁၂-၂၀၀၉ ရက်နှင့် ၂၇-၁၂-၂၀၀၉ ရက်

အလိမ္မာ စာမှာရှိ

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဧပြီ ၂၈ရက်မှစတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A (H1N1) အတည်ပြုလူနာ ၆၆ဦးရှိပြီး သေဆုံးသူမရှိကြောင်း၊ ၆၅ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက်လူနာ တစ်ဦးရှိပြီး ယင်းလူနာ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

ပူးပေါင်းဆောင်ရွက်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ *(သတင်းစဉ်)*

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးဆက်စပ်ပြီး စဉ်ဆက်

တစ်မျိုးသားလုံးနှင့်သက်ဆိုင်ပြီး နိုင်ငံသားအားလုံးက မှန်ကန်တဲ့ အသိတရား၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာ

❒ *ရှေ့ဖုံးမှ*

မောင်တို့မယ်တို့-

ဒီ့အသင်းကြီးဟာ ပြည်သူများ လိုလားတောင့်တနေကြတဲ့ နိုင်ငံတော်သစ် ထူထောင်ရေးလုပ်ငန်းစဉ်ကြီးကို ပြည်သူများနဲ့ အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ခဲ့ကြတာ အခုဆိုရင် (၁၆)နှစ် ရှိလာပြီ ဖြစ်တယ်။ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော် တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေနဲ့ ယှဉ်တွဲပြီး စည်းရုံးအတွေ့အကြုံတွေရော၊ ပူးပေါင်းတည်ဆောက်ရေး အတွေ့အကြုံတွေကိုပါ ရရှိခဲ့ပြီး၊ ရင့်ကျက်ခိုင်မာမှုရှိနေပြီ ဖြစ်တယ်။

ဒီ့အသင်းကြီးကိုစတင်ဖွဲ့စည်းစဉ်ကတည်းက နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာနဲ့ အဓွန့်ရှည်စွာတည်တံ့ရေးနဲ့ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိစေရေးအတွက် မွန်မြတ်ဖြူစင်တဲ့စေတနာနဲ့ ပါဝင်ဆောင်ရွက်ကြဖို့ ကိုယ်တိုင်ဆန္ဒပြုသူများနဲ့ ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ လူတစ်စုတစ်ဖွဲ့ လူတန်းစားတစ်ရပ်အတွက် ရည်ရွယ်ဖွဲ့စည်းထူထောင်ထားတာ မဟုတ်တဲ့အတွက် ဒီ့အသင်းဟာ ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲ ဆိုတဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့ အစွန်းတရားတွေက လွတ်လွတ်ကင်းကင်း ရပ်တည်နိုင်စွမ်းရှိတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ပြည်သူများနဲ့ ကင်းကွာမှုမရှိဘဲ ပြည်သူများရဲ့အကျိုးကို ထိရောက်စွာဆောင်ရွက်နိုင်တဲ့အတွက် ပြည်သူရဲ့ ထောက်ခံအားပေးမှုတွေနဲ့ ကျယ်ပြန့် ကြီးထွားခိုင်မာလာတာ ဖြစ်တယ်။

မောင်တို့မယ်တို့-

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး ဆက်စပ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရတဲ့ လုပ်ငန်းစဉ်ကြီး ဖြစ်တယ်။ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်ပြီး နိုင်ငံသားအားလုံးက မှန်ကန်တဲ့ အသိတရား၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ကြီး ဖြစ်တယ်။

မျိုးဆက်တစ်ခုက မျိုးဆက်သစ်တစ်ခုကို လွှဲပြောင်းရာမှာ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ရေးနဲ့ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံကောင်းတွေ တည်ဆောက်ပေးဖို့လိုသလို ဆက်ခံသူတွေကလည်း ရည်မှန်းချက်ကိုမျက်ခြည်မပြတ်ဘဲ ရပြီး၊ ရှိပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

အနာဂတ်နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်ရာမှာ အဓိက လိုအပ်ချက်တစ်ခုကတော့ တည်ငြိမ်အေးချမ်းရေး ဖြစ်တယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စုစည်းညီညွတ်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဆောင်ရွက်မှုများနဲ့ ပြည်သူများရဲ့ တည်ငြိမ်အေးချမ်းမှုကို ရယူလိုတဲ့ဆန္ဒတွေကြောင့် တိုင်းရင်းသားများ နေထိုင်ကြတဲ့ နယ်စပ်ဒေသအပါအဝင် နယ်မြေအားလုံးလိုလို တည်ငြိမ်အေးချမ်းမှုရဲ့ ရလဒ်ကောင်းတွေကို ခံစားနေကြရပြီ ဖြစ်တယ်။ ပြည်သူများရဲ့ ဆန္ဒ၊ ပြည်ထောင်စုကြီးရဲ့ ရေရှည်အကျိုးအတွက် ဆက်လက်ကြိုးပမ်းနေကြရဦးမှာ ဖြစ်တယ်။

မောင်တို့မယ်တို့-

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုတွေ တိုးတက်ခိုင်မာလာတာနဲ့အမျှ နိုင်ငံတော်ရဲ့ နယ်မြေအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်။ အသင်းဝင်တွေကလည်း ဒေသစုံ၊ ကဏ္ဍစုံ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။

နိုင်ငံသားတိုင်း အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စား၊ ဝတ်၊ နေရေးပြည့်စုံနေဖို့ လိုတယ်။ ပြည်သူတွေ ဝလင်အောင် စားသုံးနိုင်ဖို့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် အလေးထား ဆောင်ရွက်ပေးခဲ့တယ်။

၁၉၈၈ခုနှစ်မှာ အသားတင် စိုက်ပျိုးမြေဧက ၁၉ဒသမ ၉သန်းသာ ရှိခဲ့ရာက ၂၀၀၈-၂၀၀၉ခုနှစ်မှာ ၂၉ဒသမ ၃၂သန်း အထိ တိုးတက်လာခဲ့တယ်။

စိုက်ပျိုးရေရရှိရေးအတွက် တပ်မတော်အစိုးရလက်ထက်မှာ ရေလှောင်တမံ စီမံကိန်းပေါင်း၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေ ရရှိရေးအတွက် ရေတွင်းပေါင်း ၇၉၆၂ တွင်းသာမက ဆည်ငယ် ကန်ငယ်များကိုလည်း ပြုပြင်တည်ဆောက်ပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ပေးမှုတွေကြောင့် ဧကပေါင်း ၃ဒသမ၆သန်းကျော် ရေသွင်းစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်တယ်။ သီးနှံစိုက်စွမ်းအားဟာလည်း ဒီ့တာဝန်ယူစက ၁၂၀ရာခိုင်နှုန်းသာ ရှိခဲ့ရာက ၂၀၀၈-၂၀၀၉ခုနှစ်မှာ ၁၇၁ဒသမ ၁ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ စုစုပေါင်း စိုက်ဧကဟာလည်း ၁၉၈၈ခုနှစ်မှာ ၂၃ဒသမ ၈သန်းသာ ရှိခဲ့ရာက ၂၀၀၈-၂၀၀၉ခုနှစ်မှာ ၅၆ဒသမ ၉သန်း အထိ တိုးတက်လာပြီဖြစ်တယ်။

ဆန်ဟာ ဒို့နိုင်ငံသားများ အဓိကစားသုံးတဲ့သီးနှံဖြစ်တယ်။ တိုးပွားလာတဲ့ လူဦးရေကိုမျှော်မှန်းပြီး ဝလင်အောင် ကျွေးမွေးနိုင်အောင် ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ခုနှစ်တွင် စပါးတင်းပေါင်း ၆၃၁သန်းသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်မှာ တင်းပေါင်း ၁၅၆၁သန်း ထုတ်လုပ်နိုင်ခဲ့တယ်။ ပြည်တွင်း ဖူလုံပိုလျှံတဲ့အပြင် စားနပ်ရိက္ခာမပြည့်စုံသေးတဲ့ ကမ္ဘာ့နိုင်ငံများ အတွက်ပါအကျိုးပြုနေပြီဖြစ်တယ်။စပါးမျိုးသစ်များ သုတေသနပြုထုတ်လုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းခြင်း၊ ရေသောက်စနစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့နဲ့ စပါးတင်းသန်း ၂၀၀၀ ထွက်ရှိရေးကို ကြိုးပမ်းလျက်ရှိတယ်။ ပဲမျိုးစုံကို ၁၉၈၈ခုနှစ်မှာ စိုက်ဧက ၁ဒသမ ၈သန်းသာ စိုက်ပျိုးခဲ့ရာက ၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ဧက ၁၀ဒသမ ၅၇သန်းနဲ့ မက်ထရစ်တန် ၅၃ဒသမ ၃သိန်း အထိ ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်တယ်။ အာဆီယံနိုင်ငံများအတွင်း ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိနိုင်ငံနဲ့ အာဆီယံနိုင်ငံများရဲ့ ပဲထုတ်လုပ်မှုမြင့်မားရေးအတွက် ပေါင်းစပ်ဆောင်ရွက်လျက်ရှိတယ်။ ဆီထွက်သီးနှံ စိုက်ဧကဟာလည်း ၁၉၈၈ခုနှစ်မှာ စိုက်ဧက ငါးသန်းသာရှိခဲ့ရာက ၉ဒသမ ၂၈သန်း အထိ တိုးတက်လာပြီဖြစ်တယ်။ ယခင်က တစ်ဧကကို အမြင့်ဆုံး ပိဿာ ၄၀၀-၅၀၀ခန့်သာထွက်ရှိတဲ့ ဝါစိုက်ခင်းတွေကို တစ်ဧက ပိဿာ ၁၆၀၀ ကျော်ထွက်ရှိတဲ့ ငွေချည်(၆) ဝါမျိုးသစ်နဲ့ ပြောင်းလဲပေးနိုင်ခဲ့တယ်။ ဝတ်ရေးအတွက် အလားအလာကောင်းများ ရရှိနေပြီဖြစ်တယ်။

ပြည်သူများအတွက် အိမ်ရာဆောက်လုပ်ရာမှာ အသုံးဝင်တဲ့ ကျွန်းနဲ့ အခြားသစ်မာစိုက်ခင်း ဧကပေါင်း ၈၂၆၀၀၀ကျော်ကို နိုင်ငံတော်က စိုက်ပျိုးထူထောင်ထားပြီး ပုဂ္ဂလိကပိုင် ကျွန်းနဲ့ သစ်မာစိုက်ခင်း ၂၇၀၀၀၀ကျော်ကိုလည်း ခွင့်ပြုစိုက်ပျိုးထားပြီး ဖြစ်တယ်။ ကျေးလက်အိမ်ရာများမှာ အသုံးပြုနိုင်ဖို့ ရွာအလိုက် ကျွန်း၊ သစ်မာနဲ့ အခြားစိုက်ဧက ၂၈၀၀၀ကျော် စိုက်ပျိုးပြီး ဖြစ်တယ်။ မြို့ပြတွေမှာ လူဦးရေ ထူထပ်များပြားလာတဲ့အတွက် ဆင်းရဲကျပ်တည်းစွာ နေထိုင်ကြသူများ၊ အိုးပိုင်အိမ်ပိုင် မရှိသေးသူများ၊ ရရာနေရာမှာ ကျူးကျော် ပျံ့ကျနေထိုင်သူများအတွက် အခြေတကျနေထိုင်နိုင်ဖို့ မြို့သစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံသားများရဲ့ နေထိုင်မှု အဆင့်အတန်း မြင့်မားရေးအတွက်ကိုလည်း အလေးထား ဆောင်ရွက်ပေးခဲ့တယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေဖို့ စက်မှုနိုင်ငံထူထောင်ရမှာ ဖြစ်တယ်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရင်း အရေးပါတဲ့ စက်မှုကဏ္ဍမှာ ပုဂ္ဂလိကကဏ္ဍ တိုးတက်လာစေဖို့ စက်မှုဇုန် ၁၈ဇုန် ထူထောင်ပေးခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်ပိုင်စက်ရုံ ၆၂၄ရုံနဲ့ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ ၃၅၀၀၀ ရှိရာက အခု နိုင်ငံတော်ပိုင်စက်ရုံ ၇၆၈ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ ၁၁၈၀၀၀ကျော်အထိ ရှိလာပြီဖြစ်တယ်။

မောင်တို့မယ်တို့-

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေး မြင့်မားခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ဖြစ်ထွန်းစေတယ်။ ကျေးရွာချင်းဆက် လမ်းတွေ၊ ကျေးလက်နဲ့ မြို့ပြဆက်သွယ်တဲ့လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ၊ ပြည်နယ်၊ တိုင်းချင်း ဆက်သွယ်တဲ့လမ်းတွေ၊ အမြန်လမ်းမကြီးတွေကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့တယ်။ လမ်းများကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ၁၉၈၈ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ ကျော်ရှိရာက အခုဆိုရင် မိုင်ပေါင်း ၄၁၇၀၀ကျော် ရှိလာပြီ ဖြစ်တယ်။ ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း မိုင်ပေါင်း ၃၉၄၀၀ကျော်ကိုလည်း ဖောက်လုပ်ပေးပြီး ဖြစ်တယ်။

တပ်မတော်အစိုးရ တာဝန်ယူတဲ့ကာလအတွင်း ရှိပြီးရထားလမ်းများကို အဆင့်မြှင့်တင်ပေးပြီး ရထားလမ်းသစ်များကိုလည်း ဖောက်လုပ်ပေးခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ သံလမ်းမိုင် ၂၇၉၃ဒသမ ၈၆မိုင်သာရှိရာက အခု ၄၃၃၈ဒသမ ၉မိုင်အထိရှိလာပြီ ဖြစ်တယ်။ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်နေဆဲ ဖြစ်တယ်။ ပုသိမ်-အိမ်မဲ-ညောင်တုန်း-လှိုင်သာယာ ရထားလမ်းကိုလည်း ဧရာဝတီမြစ်ကူး တံတားသစ်တစ်စင်းနဲ့ အတူ ဖောက်လုပ်ရန် ဆောင်ရွက်နေပြီ ဖြစ်တယ်။ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်မည့် ပြည်-တောင်ငူ ရထားလမ်း၊ ပုသိမ်-ပခုက္ကူရထားလမ်းက နေပြည်တော်အထိ သွားလာနိုင်ဖို့ မလွန်-ပထနဂို-သစ်ရာကောက် ရထားလမ်း၊ စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း၊ ကသာ-ဗန်းမော် ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း၊ ဘုရားငါးဆူ-ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း၊ ထားဝယ်-မြိတ် ရထားလမ်း စုစုပေါင်း မိုင် ၁၂၀၀ကျော်ကို ဖောက်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိတယ်။

၁၉၈၈ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊သံလွင်၊စစ်တောင်း မြစ်ကြီးတွေမှာ တံတားကြီး ငါးစင်းသာရှိခဲ့တယ်။ အခု ထပ်မံတည်ဆောက်ပြီးတဲ့ တံတားကြီး ၁၈စင်း ရှိပြီဖြစ်တယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်းခမ်း(ဗန်းမော်)၊ ပခုက္ကူ၊ မလွန်၊ ညောင်တုန်းတို့မှာ တံတားသစ်ကြီး လေးစင်းကို ထပ်မံတည်ဆောက်ဖို့ လုပ်ငန်းများ စတင်နေပြီဖြစ်တယ်။ စုစုပေါင်း ပေ ၁၈၀အထက် ကားလမ်းတံတားပေါင်း ၂၃၂စင်း၊ ရထားလမ်းတံတားပေါင်း ၅၅စင်း ဆောက်လုပ်ပေးခဲ့ပြီး ဖြစ်တယ်။

လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်မွမ်းမံခြင်းတွေကိုလည်း ဆောင်ရွက်နိုင်ခဲ့တယ်။ လေယာဉ်ပြေးလမ်း ပေ ၅၀၀၀အထက်ရှိတဲ့ လေယာဉ်ကွင်း ၂၁ ကွင်းကနေ ၃၇ကွင်းအထိ တိုးတက်တည်ဆောက်နိုင်ခဲ့တယ်။ နေပြည်တော် လေဆိပ်ကိုလည်း နိုင်ငံတကာအဆင့်မီ တည်ဆောက်လျက်ရှိတယ်။

၁၉၈၈ခုနှစ် မတိုင်မီက အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်တဲ့ ဆိပ်ခံတံတား ၁၃ခုသာရှိရာက အခုအထိ ကုန်သေတ္တာ တင်ချနိုင်တဲ့ ဆိပ်ခံတံတား ၂၈ ခု၊ ကုန်းတွင်းကုန်သေတ္တာစခန်းသုံးခု ထပ်မံ တည်ဆောက်နိုင်ခဲ့တယ်။ ကျောက်ဖြူနဲ့ ထားဝယ်တို့မှာ ရေနက်ဆိပ်ကမ်းများ ဆောက်လုပ်နိုင်ရေးအတွက်လည်း စတင်ဆောင်ရွက်နေပြီ ဖြစ်တယ်။

ဆက်သွယ်ရေးကဏ္ဍမှာလည်း အော်တိုတယ်လီဖုန်းပေါင်း ၉၃၆၈၂၀ အထိရှိလာပြီဖြစ်တယ်။ မိုဘိုင်းလ်တယ်လီဖုန်း ၁၀၁၀၀၀၀ကျော် တပ်ဆင်အသုံးပြုနေပြီဖြစ်တယ်။ ကမ်းနီးပင်လယ်ပြင်နဲ့ ကျေးလက်ဒေသများအထိပါ ဆက်သွယ်မှုရရှိနေပြီဖြစ်တယ်။ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်တို့နဲ့ ဆက်စပ်တဲ့ ဝန်ဆောင်မှုများလည်း တိုးတက်ရရှိနေပြီ ဖြစ်တယ်။

လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးအတွက်လည်း စီမံ ဆောင်ရွက်လျက်ရှိတယ်။ ယခင်က ရေအားလျှပ်စစ်ထုတ်လုပ်မှု ၂၂၈မဂ္ဂါဝပ်သာရှိခဲ့ရာက တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများက ၁၁၉၇မဂ္ဂါဝပ် တိုးတက် ထုတ်လုပ်နိုင်ခဲ့တယ်။အခြားတည်ဆောက်ပြီး စက်ရုံများအပါအဝင်၂၂၅၅ဒသမ၉

မဂ္ဂါဝပ်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်
နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၄၇ခုပြီး
၅မဂ္ဂါဝပ် ထပ်မံရရှိလာမှာ ဖြစ်တယ်။ မဂ္
စီမံကိန်းငါးခုကိုလည်း ဆောင်ရွက်ရန် စီ
ဆိုရင် ရေအားလျှပ်စစ်စီမံကိန်းများက ၃
အထိ ရလာတော့မှာ ဖြစ်တယ်။ မဟာ
လည်း တည်ဆောက်လျက်ရှိတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့ တိုး
ကမ်းလွန်၊ ကုန်းတွင်းဒေသတွေမှာ
အဖိုးတန် မြေအောက်သယံဇာတ တိုး
အတွက်လည်း စီမံဆောင်ရွက်လျက်ရှိ

မောင်တို့မယ်တို့-

နိုင်ငံတော်တည်ဆောက်ရာမှာ
ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အခြေခံလိုအ
အခြေခံပညာကျောင်းများ ထပ်မံ တိုးချဲ့ဖွင့်
အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ကျေ
မူလတန်းကျောင်းတွေမှာ ရှစ်တန်းအထိ
ကျောင်းပေါင်း ၆၆၀၁ကျောင်း၊ တွဲဖက်
အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ ကျေ
တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲပေ
ရှိလာပြီဖြစ်တယ်။ ကိုယ့်ရပ် ကိုယ့်ရွာမှာ
အခွင့်အရေးများရရှိဖို့ စီမံပေးခဲ့ခြင်း ဖြစ်
ပညာသင်နှစ်မှာ အသက်ငါးနှစ်ပြည့်ပြီ
သူငယ်တန်းကျောင်းဝင်နှုန်း ၉၈ဒသမ ၂
စာတတ်မြောက်မှုနှုန်း ၉၄ဒသမ ၈၉ရာ
ဖြစ်တယ်။

နယ်မြေဒေသအလိုက် အဆင့်မြ
နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်
တက္ကသိုလ် ကောလိပ် ၃၂ကျောင်းသာ
ကျောင်းအထိ ရှိလာပြီဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံ
တည်ဆောက်ပေးခဲ့ပြီး ဆေးရုံပေါင်း ၂၆၄
ခဲ့တယ်။ အခုဆိုရင် ဆေးရုံပေါင်း ၈
ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆
ပြည်သူများရဲ့ ကျန်းမာရေးနဲ့ သက်တမ
အလေးထား ဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့-

ဒီနေ့ ဒို့တစ်တွေရရှိထားတဲ့ တည်
တိုးတက်မှုတွေဟာ ရည်မှန်းချက်ကိုမျက်ခြ
မူဝါဒ၊ လက်တွေ့ကျတဲ့ လမ်းစဉ်၊ စေ
အထည်ဖော်မှုတွေကြောင့် ဖြစ်တယ်။ နိုင်ငံ
တပ်မတော်တို့ရဲ့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်
စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားပြည်
အတွက် ကိုယ်ပိုင်စွမ်းအားနဲ့ မဖြစ်မနေ
တွေ့ကြုံရတဲ့အတားအဆီး အခက်အခဲတွေ
သတ္တိ၊ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ကျော်
ဖြစ်တယ်။ ဒီအစဉ်အလာကောင်းတွေ၊ အ
ပြည်သူတွေ မျှော်မှန်းတဲ့ နိုင်ငံတော်သစ်
အတွက် လိုအပ်ချက်တွေဖြစ်တဲ့အတွက်
ဆောင်ရွက်သွားကြရမှာ ဖြစ်တယ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတို
ပေါ်ထွန်းလာရေးဟာ ပြည်သူအားလုံးရဲ့
ဖြစ်တယ်။ ပြည်ထောင်စုမပြိုကွဲရေး၊
ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာ
တို့ဟာ မဖြစ်မနေ ခံယူကျင့်သုံးကြရမည်
ချမှတ်ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေး
နည်းလမ်း၊ လူမှုရေးနည်းလမ်းတွေဟာ
အခြေအနေတွေနဲ့ကိုက်ညီတဲ့ လက်တွေ့

...လုံးဆက်စပ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်ကြီးဖြစ်
...စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်

မဂ္ဂါဝပ်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိတယ်။ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၄၇ခုပြီးစီးပါက ၃၇၄၆၇ဒသမ ၅မဂ္ဂါဝပ် ထပ်မံရရှိလာမှာ ဖြစ်တယ်။ မဂ္ဂါဝပ် ၁၀၀၀ကျော်ရမည့် စီမံကိန်းငါးခုကိုလည်း ဆောင်ရွက်ရန် စီမံလျက်ရှိတယ်။ နောင်ဆိုရင် ရေအားလျှပ်စစ်စီမံကိန်းများက ၃၈၄၆၇ဒသမ ၅မဂ္ဂါဝပ်အထိ ရလာတော့မှာ ဖြစ်တယ်။ မဟာဓာတ်အားလိုင်းများကိုလည်း တည်ဆောက်လျက်ရှိတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်စေဖို့ ကမ်းလွန်၊ ကုန်းတွင်းဒေသတွေမှာ ကြိုးပမ်းလျက်ရှိတယ်။ အဖိုးတန် မြေအောက်သယံဇာတ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့-

နိုင်ငံတော်တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အခြေခံလိုအပ်ချက်တစ်ခုဖြစ်တယ်။ အခြေခံပညာကျောင်းများ ထပ်မံ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ကျောင်း ရှိလာပြီဖြစ်တယ်။ မူလတန်းကျောင်းတွေမှာ ရှစ်တန်းအထိ သင်ယူနိုင်တဲ့ မူလွန်ကျောင်းပေါင်း ၆၆၀၁ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်းနဲ့ အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲပေါင်း ၁၀၉၂ကျောင်းအထိ ရှိလာပြီဖြစ်တယ်။ ကိုယ့်ရပ် ကိုယ့်ရွာမှာ ပညာသင်ကြားနိုင်တဲ့ အခွင့်အရေးများရရှိဖို့ စီမံပေးခဲ့ခြင်း ဖြစ်တယ်။ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်မှာ အသက်ငါးနှစ်ပြည့်ပြီး ကလေးငယ်များရဲ့ သူငယ်တန်းကျောင်းဝင်နှုန်း ၉၈ဒသမ ၂၅ရာခိုင်နှုန်းနဲ့ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ဒသမ ၈၉ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်တယ်။

နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာများကို သင်ယူနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးခဲ့တယ်။ ယခင်က တက္ကသိုလ် ကောလိပ် ၃၂ကျောင်းသာရှိရာက ယခု ၁၅၉ ကျောင်းအထိ ရှိလာပြီဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံပေါင်း၂၅၃ရုံကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဆေးရုံပေါင်း ၂၆၄ရုံကို အဆင့်မြှင့်တင်ပေးခဲ့တယ်။ အခုဆိုရင် ဆေးရုံပေါင်း ၈၈၄ရုံ ရှိနေပြီဖြစ်တယ်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ခု ဖွင့်လှစ်ပေးခဲ့တယ်။ ပြည်သူများရဲ့ ကျန်းမာရေးနဲ့ သက်တမ်းရှေ့နေနိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့-

ဒီနေ့ ဒို့တစ်တွေရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ရည်မှန်းချက်ကိုမျက်ခြည်မပြတ်ဘဲ မှန်ကန်တဲ့ မူဝါဒ၊ လက်တွေ့ကျတဲ့ လမ်းစဉ်၊ စေတနာပါတဲ့ အကောင်အထည်ဖော်မှုတွေကြောင့် ဖြစ်တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားတဲ့ စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားပြည်သူ အားလုံးရဲ့ အကျိုးအတွက် ကိုယ်ပိုင်စွမ်းအားနဲ့ မဖြစ်မနေကြိုးပမ်းဆောင်ရွက်မှု၊ တွေ့ကြုံရတဲ့အတားအဆီး အခက်အခဲတွေကို စွန့်လွှတ်စွန့်စားရဲတဲ့ သတ္တိ၊ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ကျော်လွှားနိုင်မှုတွေကြောင့် ဖြစ်တယ်။ ဒီအစဉ်အလာကောင်းတွေ၊ အခြေခံကောင်းတွေဟာ ပြည်သူတွေ မျှော်မှန်းတဲ့ နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာစေရေး အတွက် လိုအပ်ချက်တွေဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်တယ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဟာ ပြည်သူအားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ဟာ မဖြစ်မနေ ခံယူကျင့်သုံးကြရမည့် မူဝါဒတွေဖြစ်တယ်။ ချမှတ်ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေးနည်းလမ်း၊ စီးပွားရေး နည်းလမ်း၊ လူမှုရေးနည်းလမ်းတွေဟာလည်း နိုင်ငံရဲ့ ပကတိ အခြေအနေတွေနဲ့ကိုက်ညီတဲ့ လက်တွေ့ကျတဲ့ နည်းလမ်းတွေ ဖြစ်တယ်။ နိုင်ငံရေးနည်းလမ်းတွေထဲမှာပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြည်သူများရဲ့ ဆန္ဒခံယူပြီး အတည်ပြုနိုင်ခဲ့ပြီဖြစ်တဲ့ အတွက် ဆက်လက်ပြီး ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်မှာဖြစ်ပြီး ကျန်နည်းလမ်းတွေကိုတော့ ဆက်လက်စွဲကိုင် သယ်ပိုးသွားကြရမှာ ဖြစ်တယ်။

လာမည့် ၂၀၁၀ခုနှစ်မှာ ပြည်သူတွေ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးသွားမှာ ဖြစ်တယ်။ မိမိတို့ရဲ့ယုံကြည်မှုအပေါ် အခြေပြု ဖွဲ့စည်းထားတဲ့ ပါတီတွေ၊ နိုင်ငံရေးလှုပ်ရှားမှု အသွင်သဏ္ဌာန် အသစ်တွေနဲ့လည်း ကြုံတွေ့ကြရမှာ ဖြစ်တယ်။

မောင်တို့မယ်တို့-

လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်းကြောင်းကိုပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရမည့်အစား ဝါဒစွဲ၊ ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ၊ အတ္တစွဲ၊ မာနစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲတွေကြောင့် စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုတွေနဲ့ နောက်ဆုံး လက်နက်ကိုင်ဆူပူသောင်းကျန်းမှုတွေ ဖြစ်ပွားရာက ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးပျက်စီးခဲ့မှုတွေကို ကြုံတွေ့ခဲ့ရပြီးဖြစ်တယ်။

၁၉၈၈ ခုနှစ်မှာလည်း ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းကရယူလိုတဲ့ လူပုဂ္ဂိုလ်တွေ၊ ပါတီအဖွဲ့အစည်းအချို့ရဲ့ ဖန်တီးမှုတွေနဲ့ ပြည်ပက အဖွဲ့အစည်းအချို့ရဲ့သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မင်းမဲ့စရိုက်တွေ ပေါ်ပေါက်လာပြီး အန္တရာယ် အဖြစ်ဆိုးတွေကို ခံစားခဲ့ကြရပြီး ဖြစ်တယ်။

ဒီဖြစ်စဉ်တွေဟာ ဒို့နိုင်ငံရဲ့သမိုင်းမှာ အမှန်တကယ်ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေ ဖြစ်တယ်။ ပါတီတိုင်း၊ ပါတီတိုင်းဟာ မိမိတို့ရဲ့ ယုံကြည်ခံယူမှုများ ရှိကြမှာဖြစ်ပေမယ့် နိုင်ငံတော်ရဲ့ သမိုင်းပေး လိုအပ်ချက်ဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပစ်ပယ်ခြင်းမပြုဖို့ လိုတယ်။ ပြည်သူတွေရဲ့ လူနေမှုဘဝ ပြည့်စုံလုံခြုံရေးအတွက် နောက်ကြောင်းမပြန်ဘဲ ရှိပြီး၊ ရပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက်ခိုင်မာအောင် တစ်ဆင့်ပြီးတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာ ဖြစ်တယ်။

မောင်တို့မယ်တို့-

ဒို့အသင်းကြီးဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး စတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ရှေ့ဆောင်ရှေ့ရွက် အားထုတ်လုပ်ကိုင်ခဲ့တဲ့ အတွေ့အကြုံတွေ ရရှိပြီးဖြစ်တယ်။ ရှေ့ဆက်ပြီးတော့လည်း ဒီလိုမွန်မြတ်တဲ့လုပ်ငန်းတွေကို အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ဖို့ ဒို့ရဲ့စွမ်းအားတွေ၊ လုပ်ရည်ကိုင်ရည်တွေကို အမြဲ အဆင့်မြှင့်တင်နေဖို့ လိုအပ်တယ်။

စည်းရုံးရေးဟာ အဖွဲ့အစည်းတစ်ခုအတွက် အရေးပါတဲ့ လိုအပ်ချက်ဖြစ်တဲ့အတွက် အမြဲရှင်သန်အားကောင်းတဲ့ စည်းရုံးရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာ ဖြစ်တယ်။ တူညီတဲ့ ယုံကြည်ချက်၊ ခံယူချက်တွေနဲ့ မိမိအပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့ အခြေခံကျတဲ့ အကျိုးတူလုပ်ငန်းတွေကို အတူတကွ တက်တက်ကြွကြွ လုပ်ဆောင်လာစေဖို့ စေ့ဆော်ဦးဆောင်နိုင်ခြင်းဟာ စည်းရုံးရေးထက်မြက်နေခြင်းပဲဖြစ်တယ်လို့ နားလည်ခံယူရမှာ ဖြစ်တယ်။

ဒီနေရာမှာ သဘောတရားရော လက်တွေ့ပါ ပေါင်းစပ်ပါဝင်တဲ့ စည်းရုံးရေးဖြစ်မှလည်း စည်းရုံးရေးဟာ ရေရှည်ခိုင်မာ အသက်ဝင်မှာဖြစ်ကြောင်း အလေးအနက်ခံယူထားကြဖို့ လိုတယ်။ သဘောတရားကိုသာ ရှေ့တန်းတင်ပြီး ပြည်သူတွေရဲ့အကျိုးကို လက်တွေ့ဖော်ဆောင်ခြင်းမရှိတဲ့ စည်းရုံးမှုမျိုးဟာ အောင်မြင်မှု မရှိနိုင်သလို သဘောတရားမပါတဲ့ လက်တွေ့လုပ်ငန်းသက်သက်နဲ့ စည်းရုံးမှုမျိုးဟာလည်း ရေရှည်ခိုင်မာမှုမရှိနိုင်တာကို သိဖို့လိုတယ်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ လူတစ်စုအပေါ်အခြေပြုတဲ့ ကျဉ်းမြောင်းတဲ့စည်းရုံးရေး၊ ငါးပွက်ရာ ငါးစာချတဲ့ ပေါ်ပင် စည်းရုံးရေးတွေဟာလည်း အခြေအမြစ်မခိုင်တဲ့ လူပြိန်းကြိုက် စည်းရုံးရေးတွေဖြစ်ကြောင်း သိရှိဖို့ လိုအပ်တယ်။

ဒါ့ကြောင့် မောင်တို့မယ်တို့ကို အလေးထားပြီး မှာကြားလိုတာကတော့-

- **နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့ နယ်မြေအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြပါ။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနဲ့ ဝိုင်းဝန်း လက်တွဲဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်နဲ့ ပြည်သူများအကျိုးကို ထိပါးနှောင့်ယှက်မှုမှန်သမျှအား မပြတ်သောသတိ၊ စွန့်လွှတ်စွန့်စားသော သတ္တိ၊ ကျစ်လျစ်ခိုင်မာသော အင်အားတို့ဖြင့် အောင်မြင်စွာ ဖယ်ရှားကျော်လွှားသွားကြပါလို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။** ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဟာ ပြည်သူအားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင် ဖြစ်တယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ဟာ မဖြစ်မနေ ခံယူကျင့်သုံးကြရမည့် မူဝါဒတွေဖြစ်တယ်။ ချမှတ်ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေးနည်းလမ်း၊ စီးပွားရေး နည်းလမ်း၊ လူမှုရေးနည်းလမ်းတွေဟာလည်း နိုင်ငံရဲ့ ပကတိ အခြေအနေတွေနဲ့ကိုက်ညီတဲ့ လက်တွေ့ကျတဲ့ နည်းလမ်းတွေ ဖြစ်တယ်။

နှလုံးရောဂါကာကွယ်ရေး ကြိုတင်သတိပြု ဆင်ခြင်ဖွယ်ရာ

ပါမောက္ခ ဦးတင်လတ် (စီမံချက်မန်နေဂျာ)

နှလုံးသွေးကြောရောဂါသည် ကမ္ဘာပေါ်တွင် အများဆုံးသေကျေသော ရောဂါဖြစ်ပြီး တစ်နှစ်လျှင် လူပေါင်း ၁၇ဒသမ၂သန်းကို သေကျေစေပါသည်။ နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်ပေါ်စေသော အကြောင်းရင်းများမှာ သွေးတိုးရောဂါ၊ အဆီဓာတ်လွန်ကဲသောရောဂါ၊ အချိုဓာတ်လွန်ကဲသော ဆီးချိုရောဂါ၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်စားသုံးမှု နည်းပါးခြင်း၊ ကိုယ်ခန္ဓာအလေးချိန် ပိုကဲခြင်း၊ အဝလွန်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ ဖြစ်ပေသည်။

ယင်းတို့အနက် အဓိကရောဂါဖြစ်ခြင်း အကြောင်းရင်းဖြစ်သော ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်နှင့် ကိုယ်လက်လှုပ်ရှားခြင်းတို့ကို ကာကွယ်ထိန်းသိမ်းနိုင်ပါက နှလုံးရောဂါနှင့် လေဖြတ်ရောဂါကြောင့် အချိန်မတိုင်မီသေဆုံးမှု၏ ၈၀ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်သည်။

ကမ္ဘာ့နှလုံးစောင့်ရှောက်ရေးအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်း၍ နှစ်စဉ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ကို ကျင်းပလေ့ရှိသည်။ ယင်းနေ့တွင် အချိန်မတိုင်မီ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကြောင့် သေဆုံးရခြင်းတို့ကို ကာကွယ်ရန်အလို့ငှာ အဓိက ရောဂါဖြစ်ရခြင်းအကြောင်းရင်းများဖြစ်သော ဆေးလိပ်သောက်ခြင်း၊ မကျန်းမာသော အစားအစာနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကို ရှောင်ကြဉ်နိုင်ရန် ပညာပေးလုပ်ငန်းများ ပြုလုပ်ကြမည်ဖြစ်သည်။

ကမ္ဘာ့နှလုံးစောင့်ရှောက်ရေးအဖွဲ့၏ ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်ရှိ ဝင်ငွေအနိမ့်ဆုံးနှင့် အလယ်အလတ်နိုင်ငံများတွင် နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် လူအများ အသက်ရှည်ပြီး ကျန်းမာကောင်းမွန်သော နေထိုင်မှုရစေရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ကြီးဖြစ်ပေသည်။ ထိုအဖွဲ့တွင် နိုင်ငံပေါင်း ၁၀၀ကျော်ရှိ နှလုံးရောဂါရှင်များအသင်း၊ အဖွဲ့ပေါင်း ၁၉၅ခု ပါဝင်ကြသည်။ ယင်းနိုင်ငံများမှာ အာဖရိက၊ အမေရိက၊ အာရှပစိဖိတ်နှင့် ဥရောပတို့မှ နိုင်ငံအများအပြားဖြင့် ဖွဲ့စည်းထားသည်။

နှလုံးဖြင့်အလုပ်လုပ်သင့်သော အကြောင်းကြီး(၄)ရပ်

လူတိုင်းသည် မိမိတို့လုပ်သမျှ မိမိတို့၏ကျန်းမာရေးကို တစ်နည်းတစ်ဖုံ ထိခိုက်စေနိုင်ကြောင်း အသိအမြင်ရှိတတ်ရန် လိုပါသည်။ မိမိစားသမျှ၊ လှုပ်ရှားမှုမှန်သမျှနှင့် ဆေးလိပ်သောက်သမျှတို့သည် တစ်နည်းတစ်ဖုံ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ရာ အလုပ်ခွင်သည် လူနေမှုဘဝကို ပြောင်းလဲစေသည်ဟု ပြောနိုင်ပါသည်။

၁။ **အသက်ကယ်ပါ။** ။ နာတာရှည်ရောဂါဖြစ်သော နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကြောင့် သေဆုံးသူတို့၏ ထက်ဝက်ခန့်မှာ အလုပ်လုပ်နိုင်သည့်ကာလ (အသက် ၁၅နှစ်နှင့် ၆၉နှစ်ကြား)တွင် ဖြစ်ပေသည်။ အဓိက အကြောင်းရင်းဖြစ်သော ဆေးလိပ်သောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းတို့သည် ကာကွယ်၍ရသော အကြောင်းရင်းများ ဖြစ်သည်ကို သိရှိထားသင့်သည်။

၂။ **ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံစေခြင်း။** ။ ကိုယ်လက်လှုပ်ရှားမှုသည် ဝန်ထမ်းများအား အလုပ်ခွင်တွင် ပျော်ရွှင်စေခြင်း၊ ပိုမို၍ စိတ်စူးစိုက်နိုင်စေခြင်း၊ စိတ်ရွှင်လန်းခြင်းနှင့် လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံရေးကောင်းမွန်စေခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ကိုထိန်းချုပ်သော သဘာဝဟော်မုန်း (Endorphins) ကို ထွက်ရှိစေခြင်းကြောင့် အလုပ်ခွင်မှ ရပ်နားသည့်အခါ စိတ်အားထက်သန်စေခြင်းကို ဖြစ်ပေါ်စေသည်။ ဘဝအတက်အကျ ခရီးကြမ်း၏ စိတ်လှုပ်ရှားမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်စေသည်။ ကိုယ်စိတ်နှစ်ပါးနွမ်းနယ်ခြင်းကို ပြေပျောက်စေပြီး စိတ်တင်းကျပ်လာမှုဒဏ်ကိုလည်း လျော့နည်းစေသည်။

၃။ **လူမှုဘဝမြင့်တက်စေခြင်း။** ။ အစုအဖွဲ့လိုက်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းများဖြင့်ဖြစ်စေ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို စုပေါင်း၍လုပ်ခြင်းသည် မိမိတွေ့ရှိနေကြသူများသာမက လုပ်ငန်းအပြင်ဘက်မှလူများနှင့် ထိတွေ့ဆက်ဆံရသဖြင့် မိတ်သင်္ဂဟများ တိုးပွားစေသည်။ ကျန်းမာသုခကို ခံစားရခြင်းအပြင် ကိုယ်လက်လေ့ကျင့်ခန်း အတတ်ပညာသစ်များပါ တတ်ကျွမ်းလာသဖြင့် ယုံကြည်ချက်ပို၍ ထက်မြက်လာစေသည်။ သို့ဖြစ်၍ မိမိဘဝကို မိမိဘာသာ ကွပ်ကဲလာနိုင်စေခြင်းဖြင့် မိမိကိုယ်ကိုမိမိ ပြန်လည်ကူညီနိုင်ပါသည်။

၄။ **စီးပွားရေးအကျိုးအမြတ် ပြန်လည်ရရှိစေခြင်း။** ။ကျန်းမာသော ဝန်ထမ်းအင်အားစုသည် လုပ်ခွင်တစ်ခု၏ အခြေအနေကောင်းကို နည်းများစွာဖြင့် အထောက်အပံ့ပြုစေနိုင်ပါသည်။ စီးပွားရေးနေးကွေးနေသည့် ကာလမှာပင် အထောက်အပံ့ဖြစ်စေသည်။ အကျိုးကျေးဇူးများမှာ-

- ♦ ကုန်ထွက်ရှိမှုကို တိုးတက်စေခြင်း၊
- ♦ လုပ်ခွင်ပျက်ကွက်မှုကို လျော့နည်းစေခြင်း၊ (၂၀%အထိလျော့နည်းစေခြင်း)
- ♦ ပိုင်ရှင်နှင့် လုပ်သား နှစ်ဦးနှစ်ဖက်စလုံးအတွက် ဆေးဝါးကုသမှုစရိတ် လျော့နည်းစေခြင်း၊
- ♦ လုပ်ခွင်ထိခိုက်မှု လျော့နည်းကျဆင်းစေခြင်း၊
- ♦ လုပ်ငန်း၏ အရှိန်အဝါကို တိုးမြှင့်ပေးခြင်း၊
- ♦ ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် သစ္စာရှိမှုကို မြှင့်တင်စေခြင်း၊
- ♦ ဝန်ထမ်းများအလုပ်ခွင်မှ နုတ်ထွက်မှုကို ကျဆင်းစေခြင်း။

သို့ဖြစ်ရာ အလုပ်ခွင်နှင့် ပတ်ဝန်းကျင်တွင် ကိုယ်လက်လှုပ်ရှားမှု လုပ်နိုင်ရန် အားပေးစီစဉ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာရရှိစေရန် စီစဉ်ထားရှိခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အခြားသော ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းစေရန် ပညာပေးခြင်းစသည်တို့မှာ လုပ်ဆောင်ရန်လွယ်ကူပြီး ငွေကုန်ကြေးကျနည်းသော လုပ်ငန်းဖြစ်သည်။

မိမိတို့သည် တစ်နေ့တာနိုးကြားနေချိန်၏ ထက်ဝက်ကျော်ခန့်ကို အလုပ်လုပ်ကြပါသည်။သို့ဖြစ်ရာ ကျန်းမာသောအလေ့အထကိုဖြစ်စေသော လုပ်ငန်းခွင်သည် ကမ္ဘာအနှံ့တွင် လူအသေအပျောက် အများဆုံးဖြစ်သော နှလုံးရောဂါနှင့် လေဖြတ်ရောဂါအပါအဝင် ရောဂါအများအပြားဖြစ်ပွားမှုကို လျော့နည်းစေမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကြီးမားသောလုပ်ငန်းကြီး (ENTERPRISES) အများစုတွင် ဝန်ထမ်းများ၏ ကျန်းမာရေးအရေးကြီးပုံကို သိရှိလာကြသဖြင့် လုပ်ငန်းများ၏ အဓိကရည်မှန်းချက်များအဖြစ် ထားရှိလာကြသည်။ ထို့ပြင် လုပ်ငန်းကြီးများ၏ အစီအစဉ်များတွင် လုပ်ခွင်ကျန်းမာရေးကို ထည့်သွင်းလာကြပြီးဖြစ်သည်။ သို့သော် ဤသို့သော လုပ်ဆောင်မှုများကို လုပ်ငန်းကြီးများတွင်သာ လုပ်ဆောင်လာကြသော်လည်း လုပ်ငန်းငယ်များနှင့် မိမိဘာသာလုပ်သော လုပ်ငန်းသေးများတွင် မရှိကြသေးသဖြင့် လူတစ်ဦးချင်း သိရှိပါဝင်လုပ်ဆောင်လာအောင် အားပေးရန် အရေးကြီးလှပေသည်။

လုပ်ခွင်ကျန်းမာရေးတိုးတက်စေရန် သင်ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းအဆင့်ဆင့်များ

- ♦ တစ်နေ့လုံး ကိုယ်လက်လှုပ်ရှားမှု သွက်လက်နေပါစေ၊ လက်ရှိအားကစားလုပ်ငန်းများ သို့မဟုတ် ကိုယ်လက်လေ့ကျင့်ရေးအဖွဲ့များတွင် ပါဝင်ပါ။ မရှိသေးပါက ဖော်ဆောင်ပါ။ သင့်မိတ်ဆွေများကိုလည်း လုပ်သင့်ကြောင်း အကြံပေးပါ။
- ♦ နေ့လယ်ထမင်းစား အားလပ်ချိန်တွင် သင့်အဆောက်အအုံတစ်ဝိုက်တွင် လမ်းလျှောက်ပါ။ သို့မဟုတ် လေ့ကျင့်ခန်းလုပ်ပါ။
- ♦ တစ်နေ့တာနေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားပါက ရရှိသည့် အကျိုးကျေးဇူးများကို သင့်မိတ်ဆွေများအား ပြောပြပေးပါ။
- ♦ ကိုယ်လက်လှုပ်ရှားမှု စတင်လုပ်လိုသူများကို ကူညီဖေးမပါ။
- ♦ ဆေးလိပ်ကင်းစင်သော ပတ်ဝန်းကျင်ကို မဖြစ်မနေဖန်တီးပါ။
- ♦ သင့်အလုပ်ခွင်ရှိ စားသောက်ဆိုင်၊ သင့်အလုပ်ခွင်တစ်ဝိုက်ရှိ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများထားရှိအောင် ညွှန်ကြားပါ။
- ♦ လုပ်ခွင်ကျန်းမာရေးပေါ်လစီများကို မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြောင်း လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနကိုဖြစ်စေ၊ လုပ်ခွင်မန်နေဂျာများကိုဖြစ်စေ တိုက်တွန်းနှိုးဆော်ပါ။

မိမိကိုယ်ပိုင်လုပ်ငန်းခွင်တွင် ကျင့်သုံးမည့် အစီအစဉ်များကို လုပ်ဆောင်နိုင်ရန် အကြံပြုချက်များ

- ♦ **ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးခြင်း။**
  တစ်နေ့လျှင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက် ငါးပုံစာမျှ အနည်းဆုံး စားသုံးပေးပါ။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သေချာစွာရွေးချယ်ထားပြီး စားသုံးပါ။ သို့မဟုတ် မိမိအိမ်မှ အစားအစာများကိုယူလာပြီး စားသုံးပါ။
- ♦ **နှလုံးကျန်းမာအောင် ကိုယ်လက်လှုပ်ရှားပေးခြင်း။**
  တစ်နေ့လျှင်နာရီဝက်ခန့် လှုပ်ရှားခြင်းသည်ပင်လျှင် နှလုံးသွေးကြောပိတ်ဆို့ခြင်းနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်တားဆီးနိုင်ပြီး သင်၏ အလုပ်ကိုလည်း အကျိုးရှိစေမည်ဖြစ်ပါသည်။ လှေကားအသုံးပြု၍ လမ်းလျှောက်ခြင်း၊ အလုပ်အားလပ်ချိန်တွင် ခေတ္တလမ်းလျှောက်ခြင်း၊ လုပ်ခွင်သို့မရောက်မီ ဘတ်စ်ကားပေါ်မှကြိုတင်ဆင်းပြီး လမ်းလျှောက်ခြင်း။
- ♦ **အငန်လျှော့စားသုံးခြင်း၊ သို့မဟုတ် ကြိုတင်ပြုပြင်ပြီး အစားအသောက်များကို ရှောင်ကြဉ်ခြင်း။**
  တစ်နေ့တာအတွက် ဆားကို လက်ဖက်ရည်ဇွန်းတစ်ဇွန်းသာ သုံးစွဲပါ။ ကြိုတင်ပြုပြင်ပြီး အစားအသောက်များတွင် အငန်ဓာတ်လွန်ကဲသဖြင့် ရှောင်ကြဉ်ပါ။
- ♦ **ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။**
  သင့်တွင် နှလုံးရောဂါဖြစ်ခြင်းကို တစ်နှစ်အတွင်း ထက်ဝက်ခန့် လျော့ကျစေပြီး အချိန်ကြာလာသောအခါ၌ လူကောင်းကဲ့သို့ ပြန်ဖြစ်သွားပါမည်။
- ♦ **ကိုယ်ခန္ဓာအလေးချိန်ကို ထိန်းသိမ်းပါ။**
  ကိုယ်အလေးချိန် လျှော့ချခြင်းနှင့် အထူးသဖြင့် အငန်ဓာတ်လျှော့စားခြင်းတို့ကို အတူတကွပြုလုပ်ပါက သွေးတိုးရောဂါကို လျော့နည်းသက်သာစေပါသည်။ သွေးတိုးရောဂါသည် လေဖြတ်ရောဂါဖြစ်ပေါ်စေခြင်း အဓိကအကြောင်းရင်းကြီးဖြစ်သည့်အပြင် နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကိုဖြစ်ပွားစေသော အရေးကြီးသော အကြောင်းရင်းကြီးလည်း ဖြစ်သည်။
- ♦ **သင့်ကိုနှလုံးရောဂါဖြစ်စေနိုင်သော အညွှန်းကိန်းကို သင်သိရှိပါစေ။**
  ကျန်းမာရေးဝန်ထမ်း (ဥပမာ-ဆရာဝန်၊ ဆရာမများ)ကို သွားရောက်တွေ့ဆုံပြီး သွေးပေါင်ချိန်ခြင်း၊ သွေးထဲရှိအဆီဓာတ်၊ သွေးထဲရှိအချိုဓာတ်၊ ခါးတင်ပါးဆုံအချိုးတိုင်းတာခြင်းနှင့်ကိုယ်ခန္ဓာအဆီဓာတ် အညွှန်းကိန်းတို့ကို တွက်ချက်ပါ။ မိမိတို့၏ နှလုံးရောဂါဖြစ်ပွားနိုင်သော အညွှန်းကိန်း(အမှတ်)ကို တွက်ချက်သိရှိနိုင်ပြီး သင်၏ နှလုံးကျန်းမာရေးကို တိတိကျကျ ကာကွယ်တားဆီးနိုင်ရန် ဆောင်ရွက်ပါ။

၂၀၀၃ခုနှစ်တွင် လုပ်ခွင်ကျန်းမာရေးဆန်းစစ်ချက်တစ်ခုအရ အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည် -

- ♦ ဆေးဝါးကုသမှုနှင့် လုပ်ခွင်ပျက်ကွက်မှုကြောင့် ပျမ်းမျှ ၃ဒသမ၆နှစ်အတွင်း ပျမ်းမျှဆုံးရှုံးငွေ ၂၅-၃၀ရာခိုင်နှုန်း လျော့နည်းစေခြင်း။
- ♦ လုပ်သားဆေးကုသမှု ပျမ်းမျှ ၂၆ရာခိုင်နှုန်း လျော့နည်းစေခြင်း။
- ♦ လုပ်ခွင်ထိခိုက်မှု ပျမ်းမျှ ၂၇ရာခိုင်နှုန်း လျော့နည်းစေခြင်း။
- ♦ လုပ်ခွင်ထိခိုက်မှုနှင့် မသန်စွမ်းဖြစ်မှုကြောင့် နစ်နာကြေးငွေကို ပျမ်းမျှ ၃၂ရာခိုင်နှုန်း လျော့နည်းစေခြင်း။
- ♦ စုငွေကုန်ကျငွေအချိုးကို ပျမ်းမျှ ၅ဒသမ ၈ -၁ဒသမ ၀ (ဒေါ်လာ) သက်သာစေခြင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ၂၀၀၅ခုနှစ် မှ ၂၀၁၅ခုနှစ်အထိ ဝင်ငွေဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာအားဖြင့် တရုတ်ပြည်တွင် ၅၅၈ ဘီလီယံ၊ အိန္ဒိယတွင် ၂၃၇ဘီလီယံ၊ ရုရှားတွင် ၃၀၃ဘီလီယံနှင့် ဗြိတိန်တွင် ၃၃ ဘီလီယံမျှ ရှိလိမ့်မည်ဖြစ်သည်။ ယင်းကဲ့သို့ မသန်စွမ်းဖြစ်ခြင်း၊ ရောင်တခင်ပျက်ကွက်ခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းရခြင်းမှာ ဆေးကုသမှုထက် အဆ ၄၀၀ရာခိုင်နှုန်းများပြားစေမည်ဖြစ်သည်။

သို့ဖြစ်၍ လုပ်ငန်းခွင်ကျန်းမာရေးအစီအစဉ် (Workplace Wellness Programme) ကို လုပ်ငန်းခွင်များတွင် စီစဉ်ပေးခြင်းဖြင့် နှလုံးရောဂါကာကွယ်ရန်လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်း သာတောင့်သာယာရှိမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီ ဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၇ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ မိုးကုတ်မြို့နှင့် အမ်းမြို့တို့တွင် ၈ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့နှင့် ကသာမြို့တို့တွင် ၉ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

နိုဝင်ဘာ ၂၈ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဒီဇင်ဘာလ ပထမ ရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ယခုအပတ် စောင့်ကြည့်ဂျာနယ်ထွက်နေပြီ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့တွင် လိုင်စင်မဲ့ မော်တော်ယာဉ်သိမ်းဆည်းရမိ၊ သရဲ၊ တစ္ဆေ၊ ဝိညာဉ်ဇာတ်ကားများ မရိုက်ရတော့၊ ကြိုတင်ငွေပေးကတ်ဖြင့် ကြိုးမဲ့အင်တာနက် ရှစ်နေရာတွင်သုံးနိုင်၊ လူနာအပေါ် ဂရုမစိုက်သည့် ဆရာဝန်များနှင့် ကျန်းမာရေးအာမခံမှု၊ မည်သည့်ဓာတ်ပုံဆရာကိုမျှ မူပိုင်ခွင့် ပေးမထားပါဟုဆိုသော စာရေးဆရာကြီးပါရဂူ၊ ခေတ်မတိမ်သေးတဲ့ ရုပ်သေးပညာနှင့် ထိုင်းနိုင်ငံ အာရှရုပ်သေးပွဲသို့သွားမည့် ထွေးဦး မြန်မာရုပ်သေးအဖွဲ့၊ မြန်မာ့ရုပ်ရှင် ဂုဏ်သိက္ခာရှိရေး ဒါရိုက်တာမြင့်စိုး(ဝ/သ)ပြောကြား၊ ပန်းများ ကြာရှည်မခံအောင် ပြုလုပ်ရောင်းချနေသော ပန်းသည်များ၊ ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် (Recircle)ပလတ်စတစ်အကြည်အိတ်များ ထုတ်လုပ်မည်၊ လှိုင်မြို့နယ်မှာ ကျပ်သိန်းလေးထောင် အကုန်ခံဆောက်မည့် မြက်ခင်းတုဘောလုံးကွင်း၊ တရုတ်ပြည်သွားချင်လျှင် လွယ်ကူအောင် မြန်မာ-တရုတ်နယ်စပ် ရထားလမ်း၊ ရွှေသံလွင်ကုမ္ပဏီမှ ရွှေ FM အသံလွှင့် အစီအစဉ် ကရင်ပြည်နယ်အတွက် ထုတ်လွှင့်မည်၊ ဆရာလူထုစိန်ဝင်း ဝေဖန်ဆွေးနွေးထားတဲ့ တံခါးဖွင့်မူဝါဒအကြောင်း၊ ကိုရီးယားရုပ်ရှင်ပွဲတော်မှ ကျော်ကြားခဲ့သော ရုပ်ရှင်ကားများနှင့် မင်းသား၊ မင်းသမီးများ၊ ပလတ်စတစ်နှင့် လွှစာမှုန့်ပေါင်းပြီး ဖိုင်ဘာစက်ရုံဆောက်မည်၊ ဒီဇယ်လွတ်လပ်စွာ တင်သွင်းခွင့်ပြုပြီးနောက် စက်သုံးဆီဘယ်လိုဖြစ်လာသလဲ၊ အပန်းဖြေခရီးထွက်ရင် ကိုကိုးကျွန်းကို မမေ့နှင့်၊ ဒူဘိုင်း၊ ကာတာသို့သွားမည့်သူများ သတိထား၊ ရွှေနိုင်ငံ အရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ ဆန်၊ ပဲအရောင်းအဝယ်လုပ်မည်၊ အောက်ကားတွေ အရောင်းအဝယ်ဖြစ်လာ၊ ဒိုင်နာကုန်တင်ကားများ ဈေးနှုန်းကျ၊ အားကစားသတင်းများနှင့် အချပ်ပိုအထူးအစီအစဉ်၊ ပြည်သူကြားက သတင်းများနှင့် စောင့်ကြည့် (News Watch) ဂျာနယ် အစီအစဉ် အတွဲ ၅၊ အမှတ်(၁၈)ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပို့စ်မောက်အသင်းအား ပရီမီယာလိဂ်၌ဆဲ့တင်ရန် နည်းပြဂရန့်ပြန်လာပြီ

★ မြင့်မောင်စိုး စုစည်းရေးသား၍ ဇင်မင်းသန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ★

လန်ဒန် နိုဝင်ဘာ ၂၇

ပရီမီယာလိဂ်ကလပ် ပို့စ်မောက်သည် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ်(၁၃) ပြီးဆုံးခဲ့သော်လည်း ရမှတ်ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယား၏အောက်ဆုံးသို့ ရောက်ရှိနေသည်။ ပို့စ်မောက်အသင်း၏ရလဒ် ယင်းကဲ့သို့ဆိုးဆိုးရွားရွားဖြစ်ခဲ့ရခြင်းက နည်းပြပေါလ်ဟတ်သည် အဓိကတာဝန်အရှိဆုံးဖြစ်လိမ့်မည်ဟု ပို့စ်မောက်တာဝန်ရှိသူများက ယုံကြည်ကြသည်။

ထို့ကြောင့်လည်း နည်းပြပေါလ်ဟတ်သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲ၌ စတုတ်စီးတီးကိုရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ ရုတ်တရက် နုတ်ထွက်သွားခဲ့သည်။ ပို့စ်မောက် တာဝန်ရှိသူများက ပေါလ်ဟတ်၏နေရာတွင် နည်းပြအစားထိုးရန် အမြန်ဆုံးရှာဖွေခဲ့ရာ နောက်ဆုံး၌ ချယ်လ်ဆီးနည်းပြဟောင်းဖြစ်သူ ဂရန့်အားခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ဆွတ်ခူးပေးနိုင်

နည်းပြဂရန့်သည် ဘောလုံးကစားသမား သက်တမ်းတစ်လျှောက်မှာရော နည်းပြ သက်တမ်းတစ်လျှောက်မှာပါ အောင်မြင်ခဲ့သောသူတစ်ဦးဖြစ်သည်။ သူသည် အစ္စရေးနိုင်ငံ ပီတက်တီဗာမြို့သား တစ်ဦးဖြစ်သည်။ အစ္စရေးနိုင်ငံတွင် ဟာပိုးလ် အသင်းနည်းပြ၊ မက္ကာဘီတဲလ်အဗစ်အသင်းနည်းပြတာဝန်များ ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၉၂ခုနှစ်တွင် မက္ကာဘီတဲလ်အဗစ်အသင်းနှင့်အတူ ပထမဆုံး အစ္စရေး ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။

၁၉၉၅ခုနှစ်တွင် ၎င်းအသင်းနှင့်အတူ အစ္စရေး ချန်ပီယံဆုဖလား ဒုတိယအကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်တွင် မက္ကာဘီဟိုင်ဖာအသင်း၏ နည်းပြဖြစ်လာခဲ့သည်။

တာဝန်ယူ

နည်းပြဂရန့်သည် ပရီမီယာလိဂ်ကလပ်များနှင့် ကစားသမားအများစုက ရင်းနှီးကျွမ်းဝင်သူတစ်ဦး ဖြစ်နေသည်။ သူသည် ယခုမှ ပို့စ်မောက်သို့ရောက်ခဲ့ခြင်းမဟုတ်ပေ။ ၂၀၀၇ခုနှစ် ဇွန်လက ပို့စ်မောက်အသင်းကို နည်းစနစ်မှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ထိုကာလအတွင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် နည်းပြအဖြစ်မှ ရုတ်တရက် နုတ်ထွက်သွားခဲ့သည်။

ကျော်ကြားလာခဲ့

ချယ်လ်ဆီးတို့ ထိုအချိန်က နည်းပြအတွက် ယာယီအခက်အခဲဖြစ်ခဲ့သော်လည်း ချယ်လ်ဆီးအသင်း ပိုင်ရှင် အေဘရာမိုဗစ်က သူနှင့်ရင်းနှီးကျွမ်းဝင်ထားသူ ပို့စ်မောက်နည်းစနစ်မှူး ဂရန့်အား နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။ ဂရန့်သည် ချယ်လ်ဆီးနည်းပြ ဖြစ်လာချိန်မှစ၍ ပရီမီယာလိဂ်ဘောလုံးလောကတွင် လူသိများ ထင်ရှားကျော်ကြားလာခဲ့သည်။ ဂရန့်သည် ထိပ်သီးအသင်းများ၏ နည်းပြများဖြစ်ကြသည့် မန်ယူနည်းပြ ဖာဂူဆန်၊ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်တို့ကဲ့သို့ လူသိများ ကျော်ကြားလာခဲ့သည်။

လက်လွှတ်ခဲ့ရ

ချယ်လ်ဆီး နည်းပြဖြစ်လာသော ဂရန့်သည် အသင်း၏ တိုးတက်အောင်မြင်ရေးအတွက် ကြိုးစားခဲ့သည်။ ထို့ကြောင့်လည်း ထိုနှစ် ၂၀၀၇-၂၀၀၈ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းကို အမှတ်ပေးဇယား ဒုတိယနေရာသို့ အရောက်ပို့ပေးနိုင်ခဲ့သည်။ ထို့အပြင် ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ ချယ်လ်ဆီးအသင်းကို ပို့ပေးနိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် မန်ယူကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ဖလား လက်တစ်ကမ်းအလိုမှ လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

မျှော်လင့်ထား

ဤအချက်များကို ဆန်းစစ်ကြည့်ခြင်းဖြင့် နည်းပြဂရန့်သည် အတွေ့အကြုံရင့်ကျက်သည့် နည်းပြကောင်းတစ်ဦး ဖြစ်သည်ဆိုခြင်းမှာ ပို့စ်မောက်အသင်း တာဝန်ရှိသူများက အကြွင်းမဲ့ ယုံကြည်ထားသည်။ ထို့ကြောင့်လည်း ပို့စ်မောက်အသင်းကို တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရေးအတွက် နည်းပြဂရန့်အနေဖြင့် မည်သို့မည်ပုံ ကြိုးစားပေးမည်ကို ပို့စ်မောက်တာဝန်ရှိသူများက မျှော်လင့်ထားကြသည်။

မျှော်လင့်လျက်ရှိ

နည်းပြဂရန့်သည် ပို့စ်မောက်ကစားသမားများ အားစတင်လေ့ကျင့်ပေးနေပြီဖြစ်သည်။ နိုဝင်ဘာ ၂၈ရက် **(ယနေ့)** အိမ်ကွင်း၌ မန်ယူနှင့် ကစားမည့် ပွဲမှစ၍ ပို့စ်မောက်အသင်းအား ဂရန့် တာဝန်ယူမည်ဖြစ်သည်။ ထို့ကြောင့် ဂရန့်သည် ပို့စ်မောက်အသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်စေပြီး တစ်ခုသော အတိုင်းအတာအထိ အောင်မြင်မှုများရရှိနိုင်မလားဆိုသည်ကို ပရီမီယာလိဂ်နှင့် ပို့စ်မောက် ပရိသတ်တို့က စောင့်ကြည့်မျှော်လင့်လျက်ရှိကြပါကြောင်း။ ။

ကိုးကား-အင်တာနက်

ရီးရဲမက်ဒရစ်အတွက် စီရိုနယ်ဒိုပြန်ကစားပြီး

မက်ဒရစ် နိုဝင်ဘာ ၂၇

ရီးရဲမက်ဒရစ်အသင်း၏ အဓိကအားထားရသော တောင်ပံကစားသမား စီရိုနယ်ဒိုသည် ဒဏ်ရာရပြီးနောက် ပြီးခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၌ အက်ဖ်စီဇူးရစ်နှင့် ကစားသည့်ပွဲမှစ၍ အချိန်ပိုင်း ပါဝင်ကစားပြီဖြစ်သည်။

လေ့ကျင့်

တောင်ပံကစားသမား စီရိုနယ်ဒိုသည် ခြေထောက်ဒဏ်ရာရခဲ့သဖြင့် ပြီးခဲ့သည့် ရီးရဲမက်ဒရစ်အတွက် ကစားပေးရမည့် ပြိုင်ပွဲကိုးပွဲနှင့် လွဲချော်ခဲ့သည်။ ထို့အပြင် ပေါ်တူဂီနှင့် ဘော့စနီးယားတို့ ကမ္ဘာ့ဖလားရှုံးထွက် ခြေစစ်ပွဲနှင့်လည်း လွဲချော်ခဲ့ရသည်။ စီရိုနယ်ဒိုသည် လာမည့်ပြိုင်ပွဲများတွင် ပါဝင်ကစားရန် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်လျက်ရှိကြောင်း ၎င်းကလပ်ကပြောကြားသည်။ ၎င်းသည် စပိန်လာလီဂါပွဲ ဘာကာနှင့် ကစားမည့်ပွဲတွင် ပါဝင်လာနိုင်သည်။

မန်ယူမှ ပေါင်သန်း ၈၀ ပေးခေါ်ယူခဲ့ရသော စီရိုနယ်ဒိုသည် ပြီးခဲ့သည့် စက်တင်ဘာလက ပေါ်တူဂီအသင်းအတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားပေးစဉ် ခြေချင်းဝတ် ထိခိုက်ဒဏ်ရာ ရခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့ချန်ပီယံတင်းနစ်ပြိုင်ပွဲ ဒီပိုထရိုက ကမ္ဘာ့နံပါတ်(၁) ဖက်ဒဲယားကိုအနိုင်ရ

လန်ဒန် နိုဝင်ဘာ ၂၇

အာဂျင်တီးနားတင်းနစ်ကစားသမား ဒီပိုထရိုသည် လန်ဒန်မြို့၌ကျင်းပလျက်ရှိသော ကမ္ဘာ့ချန်ပီယံတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁) ရော်ဂျာဖက်ဒဲယားအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

လွဲချော်ခဲ့ရ

ယင်းပြိုင်ပွဲတွင် ပိုထရိုက ဖက်ဒဲယားအား ၆-၂၊ ၆-၇၊ (၅-၇)၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းတင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနား ဘောလုံးသမား ကားလို့စ်တီဗက်ဇ်လည်း လာရောက်အားပေးခဲ့သည်။ ဗြိတိန်မှ အင်ဒီမာရေးက စပိန်တင်းနစ်ကစားသမား ဖာဒန်ဒိုဗာဒက်စကိုအား အနိုင်ရခဲ့သည်။ အသက် ၂၁နှစ်ရှိ အာဂျင်တီးနား တင်းနစ်ကစားသမား ဒီပိုထရိုသည် ယင်းပြိုင်ပွဲ၌ ဖက်ဒဲယားအား အနိုင်ရလိုက်သဖြင့် ဖက်ဒဲယားသည် ငါးနှစ်ဆက်တိုက် ယင်းချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့မှုမှ လွဲချော်ခဲ့ရသည်။ **(အင်တာနက်)**

အပြေးချန်ပီယံ ဂျီဘရီမာရီယမ် အီဒင်ဘတ် ချန်ပီယံပြိုင်ပွဲယှဉ်ပြိုင်မည်

အီဒင်ဘတ် နိုဝင်ဘာ ၂၇

ကမ္ဘာ့အပြေးချန်ပီယံ ဂျီဘရေးဂျီဘရီမာရီယမ်သည် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စကော့တလန်နိုင်ငံ အီဒင်ဘတ်မြို့၌ ကျင်းပမည့် နိုင်ငံဖြတ်ကျော်ပြေးပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကြီးဖြစ်

အသက် ၃၅နှစ်ရှိ အီသီယိုးပီးယား အပြေးသမား ဂျီဘရီမာရီယမ်သည် ၂၀၀၈ခုနှစ်က အဆိုပါပြိုင်ပွဲတွင် ငွေတံဆိပ်ဆုသာ ဆွတ်ခူးနိုင်ခဲ့သည်။ အီဒင်ဘတ်ပြေးပွဲကြီးကို ကမ္ဘာတစ်ဝန်းသို့ ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာတစ်ဝန်းမှ အသက်အရွယ်အမျိုးမျိုး ကစားသမား ၂၅၀၀ကျော် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးဖြစ်သည်။ ဂျီဘရီမာရီယမ်သည် အိုမန်၌ကျင်းပသော ၂၀၀၉ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ကင်မရွန်း ကွင်းလယ်ကစားသမား အာဆင်နယ်နှင့် နှစ်ရှည်စာချုပ်

လန်ဒန် နိုဝင်ဘာ ၂၇

အာဆင်နယ်အသင်းမှ ကင်မရွန်းကွင်းလယ်ကစားသမား အလက်ဆောင်းအား ၎င်းကလပ်က နှစ်ရှည်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ခြေစွမ်းပြကစားပေးခဲ့

အသက် ၂၂နှစ်ရှိ ကွင်းလယ်ကစားသမား အလက်ဆောင်းသည် ၂၀၀၆ခုနှစ်က ပြင်သစ်ကလပ် ဘာစတီယာမှ အာဆင်နယ်သို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းအတွက် ပွဲပေါင်း ၉၆ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။ ကွင်းလယ်ကစားသမား အလက်ဆောင်းသည် ကင်မရွန်းအသင်းကို လာမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်ရန်လည်း အဓိက ခြေစွမ်းပြကစားပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

အဆုံးသတ်ဂိုးသွင်းကောင်းသောတိုက်စစ်မှူး စပါးမှဂျာမိန်းဒီဖိုးဖြစ်ကြောင်း နည်းပြရက်နက်ဆို

စပါးတိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် အင်္ဂလန်တွင် အကောင်းဆုံး အဆုံးသတ်ဂိုးသွင်းနိုင်သူဖြစ်ကြောင်း၊ ပြီးခဲ့သည့် စပါးနှင့် ဝီဂန်တို့ကစားရာ၌ တစ်ပွဲတည်း ငါးဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း နည်းပြဟယ်ရီရက်နက်က ပြောကြားသည်။

ဂျပန်ကွင်းလယ်ကစားသမား ယာဆူဟီတို အာရှအကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူး

ဂျပန်ကလပ်ဂမ်ဘာအိုဆာကာမှ ကွင်းလယ်ကစားသမား ယာဆူဟီတိုအင်ဒိုသည် အာရှအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးခဲ့ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က ကြေညာသည်။ ၎င်းသည် ဂျပန်နိုင်ငံမှ ယင်းဆုကို ဆွတ်ခူးနိုင်ခဲ့သည့် စတုတ္ထမြောက် ဘောလုံးသမားဖြစ်လာသည်။

ရီးရဲမက်ဒရစ်ထက် ဘာစီလိုနာခြေစွမ်းသာ တိုက်စစ်မှူးဟောင်း ဂျိုဟန်ခရိုက်စ် သုံးသပ်

စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်ထက် အဆပေါင်းများစွာ ခြေစွမ်းသာကြောင်း နယ်သာလန်နှင့် ဘာစီလိုနာတိုက်စစ်မှူးဟောင်း ဂျိုဟန်ခရိုက်စ်က ပြောကြားသည်။

ရီးရဲတိုက်စစ်မှူး နစ္စတယ်ရွိုင်း လီဗာပူးသို့ ပြောင်းရွှေ့ကစားဖွယ်ရှိ

ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် လီဗာပူးသို့ အငှားဖြင့် ပြောင်းရွှေ့ဖွယ်ရှိကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားသည်။

ဘယ်လ်ဂျီယံတိုက်စစ်မှူးဂျိုဗာနိုဗစ် ဘာမင်ဂမ်က ခေါ်ယူရန်ဆွေးနွေး

ဘယ်လ်ဂျီယံကလပ် စတန်းဒတ်လိဂ်တိုက်စစ်မှူးဂျိုဗာနိုဗစ်အား ဘာမင်ဂမ်က ပေါင် ၃ဒသမ ၄သန်းဖြင့်ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

မန်စီးတီးနောက်တန်းလူ စပါးခေါ်ယူမည်

မန်စီးတီးနောက်တန်းကစားသမား မီကယ်ရစ်ချတ်အား ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီတွင် စပါးကခေါ်ယူရန် ကြိုးစားနေကြောင်း ၎င်းကလပ်က ပြောကြားသည်။

ပို့စ်မောက်တိုက်စစ်မှူး ဘန်လေစာချုပ်မည်

ပို့စ်မောက်တိုက်စစ်မှူး ဒေးဗစ်နူးဂျင့်သည် ပို့စ်မောက်နှင့် အငှားစာချုပ် ကုန်ဆုံးသွားပြီဖြစ်၍ ဘန်လေက စာချုပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အာရှရေကူးပြိုင်ပွဲ တရုတ်မှ ရွှေတံဆိပ်အများဆုံးဆွတ်ခူး

ဖိုရှန် နိုဝင်ဘာ ၂၇

တရုတ် အိုလံပစ်ရေကူးချန်ပီယံ ရှူဇီကျို၊ ကမ္ဘာ့ရေကူးချန်ပီယံ ကျန်လင်းတို့ အပါအဝင် အခြားသော တရုတ်ရေကူးအားကစားသမားခြောက်ဦးတို့က တရုတ်နိုင်ငံ တောင်ပိုင်း ဖိုရှန်မြို့၌ကျင်းပသည့် အာရှရေကူးချန်ပီယံပြိုင်ပွဲတွင် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။

ရရှိခဲ့

အဆိုပါ အာရှရေကူးချန်ပီယံပြိုင်ပွဲတွင် ဆုတံဆိပ် ၁၀ခုပေးရာ တရုတ်က ရှစ်ခုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ကျန်နှစ်ခုကို စင်ကာပူမှ လန်ပါကာနှင့် ဂျပန်မှ ဒိုင်ယာဆီတိုတို့က ဆွတ်ခူးခဲ့သည်။ တရုတ်ရေကူးမယ်ရှူဇီကျိုသည် အမျိုးသမီး မီတာ၂၀၀ လိပ်ပြာကူးတွင် စံချိန် ၂မိနစ် ၆ဒသမ ၂၃စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ တစ်နိုင်ငံတည်းသူ လီယန်းက ဒုတိယနှင့် ဂျပန်မှ အကီယာမာက တတိယဆု ရခဲ့သည်။



ဆွတ်ခူး

တရုတ်အမျိုးသားရေကူးချန်ပီယံ ကျန်လင်းက မီတာ ၂၀၀ အလွတ်ကူး ပြိုင်ပွဲတွင် စံချိန် တစ်မိနစ် ၄၈ဒသမ ၈၈စက္ကန့်ဖြင့် ပထမဆု ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသား တန်ဖိက ဒုတိယ၊ အိန္ဒိယမှ ဒီဆိုဇာက တတိယ ဆုအသီးသီး ဆွတ်ခူးခဲ့သည်။ **(အင်တာနက်)**

အာကာကျော်စုစည်းရေးသားသည်

သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနား
တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် နိုဝင်ဘာ ၁၇ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော တိုင်းစာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းစာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် သက်ကြီးစာပေ ပညာရှင်ကြီးများ တက်ရောက်ကြသည်။

ကန်တော့

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးစာပေ ပညာရှင်ကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့သည်။ **(အပေါ်ပုံ)**

အမြင့်တင် သံရေစင်

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်သို့ တိုးချဲ့မြစ်ရေတင် ပိုက်လိုင်းသစ်သွယ်တန်းမည့် အမြင့်တင် သံရေစင် တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရုပ်သိမ်း

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ ပေါင်မြို့နယ်၌ ကျင်းပ

ပေါင် နိုဝင်ဘာ ၂၇

ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီး ဌာနတို့ ပူးပေါင်းကျင်းပသည့် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁၇ရက် နံနက် ၁၀နာရီက ပေါင်မြို့ အထက ရွှေရတု ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပေါင်မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်အောင်ငွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော ၁၃၇၁ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့အမှုဆောင် ဦးအေးသိဏ်း (သထုံ-အေးသိဏ်း)က ဖတ်ကြားသည်။

ထို့နောက် စာပေဟောပြောပွဲကို ကျင်းပရာ ပေါင်မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ မြို့နယ်သတင်းထောက် ဦးခင်မောင်ဝေ စာရေးဆရာ မောင်စိမ်းညို (ပေါင်)က ဝတ္ထုတစ်ပုဒ် ဖန်တီးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့အမှုဆောင် ဦးခင်မောင်ဦး(မောင်ဦး-ဥက္ကံသား)က အတုယူသင့် မယူသင့်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့အတွင်းရေးမှူး ဦးအောင်မြင့် (ဘုန်းပွင့်တေဇာ)က အကောင်းမြင်မှ အမြင်ကောင်းမည် ခေါင်းစဉ်ဖြင့် စာပေရေးရာများ ဟောပြောကြသည်။ ဟောပြောပွဲအပြီးတွင် စာဆိုတော်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပေါင်မြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၁၇၆)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် နိုဝင်ဘာ ၂၇

ပုဏ္ဏားကျွန်းမြို့၌ စာပေဟောပြောပွဲ ကျင်းပ

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တွင် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၁၆ရက် ည ၇နာရီက လောကမာရဇိန်ဘုရားရင်ပြင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမောင်စိုးထိုက်(သုံးဆယ်)၊ စာရေးဆရာမ ကြူကြူသင်းနှင့် စာရေးဆရာ မြင်းမူမောင်နိုင်မိုးတို့က စာပေရေးရာများဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

အလေးချိန်ခွင်များ စံနှုန်းကိုက်ညီရေး ဆောင်ရွက်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းအောင်၊ ဈေးတာဝန်ခံ ဦးအုန်းဝေနှင့်ဝန်ထမ်းများသည် နိုဝင်ဘာ ၁၀ရက်က အဖွဲ့ပိုင် မိုးကောင်းမြို့ မြို့မဈေးအတွင်းရှိ အခြေခံစားသောက်ကုန်ပစ္စည်းနှင့် အသားငါး အရောင်းဆိုင်များ၌ အသုံးပြုနေသော အလေးချိန်ခွင်များ စံနှုန်းကိုက်ညီမှန်ကန်မှုရှိ မရှိ ဒီဂျစ်တယ် ချိန်ခွင်ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြသည်။ (၀၀၁)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆီဆိုင်၌ဆောင်ရွက်

ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ရီရီမေ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးနေမျိုးသူရိန်တို့သည် နိုဝင်ဘာ ၅ရက်က ဆိုက်ခေါင်-နန်းစစ်ကျေးလက်လမ်း ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းထားရှိမှု၊ တဖွန်ပုလဲရွာ အောင်သုတစာကြည့်တိုက် စာငှားကတ်စနစ် ကျင့်သုံးဆောင်ရွက်နေမှုနှင့် နန်းစစ်ကျေးရွာအဝင်ချောင်းကူးတံတား ဆောက်လုပ်မှုတို့ကို ကွင်းဆင်းဆောင်ရွက်သည်။ *(မြို့နယ် ပြန်/ဆက်)*

မြေပုံမြို့နယ်စည်ပင်သာယာ ရေပြွန်များဆောင်ရွက်

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့တွင်းရေပြွန်၁၂ခု ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြသည်။ ***(မြို့နယ်စည်ပင်)***

သာစည်၌ ရေစစ်ကန်မှ ရေပိုက်တိုးချဲ့သွယ်တန်း

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးရေးလုပ်ငန်း ရေပေးဝေမှုလုပ်ငန်းမှ ရေတိုးမြှင့်ပေးဝေနိုင်ရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ရေစစ်ကန်မှ ရေစင်အမှတ်(၂)သို့ ပေ ၂၀၂၀ အရှည်ရှိ လေးလက်မ (ပီဗွီစီ)ရေပိုက်များတိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ (၂)ဦးအောင်ကျော်မင်းနှင့် အဖွဲ့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။ *(မြို့နယ်စည်ပင်)*

စာဆိုတော်နေ့ မိုးညှင်းမင်းဟဲစံပြရွာ၌ကျင်းပ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၁ခုနှစ် စာဆိုတော်နေ့အခမ်းအနားကို ပင်းဟဲစံပြကျေးရွာ၌ နိုဝင်ဘာ ၁၇ရက်က ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) ထံမှ ပေးပို့သော ၁၃၇၁ ခုနှစ် စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်(မိုးအောင်-ကချင်မြေ)က ဖတ်ကြားသည်။ (၀၀၂)

ကျိုင်းတောင်း၌ စာကြည့်တိုက်ရှင်သန်ရေး ဆွေးနွေး

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့ ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဦးဆန်းကျော်သွန့်နှင့်ဝန်ထမ်းများသည် နိုဝင်ဘာ ၁၀ ရက်က ရပ်ကွက် (၁) ကွန်မုံနှင့် ရပ်ကွက်(၂)ပန်ကျောင်းတို့တွင် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ပိုင်မြေ အဆောက်အအုံဖြစ်လာရေး၊ ပရိဘောဂပစ္စည်းများနှင့်ငွေပဒေသာပင်များရရှိရေးတို့ကို ဆွေးနွေးခဲ့သည်။ *(မြို့နယ် ပြန်/ဆက်)*

ရေစကြို မအူတိုက်နယ်ဆေးရုံသို့ အလှူငွေပေးအပ်

ရေစကြိုမြို့နယ် မအူတိုက်နယ်ဆေးရုံသို့ မုံရွာမြို့မှ တိုက်နယ်ဆေးရုံ တစ်ဦးတည်း အလှူရှင် ဦးကောင်းရှန်အားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်သန်းမေမိသားစုက ဆေးရုံခွဲစိတ်ခန်းသုံးပစ္စည်းများအသုံးပြုရန် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက်က ရွှေမုဋ္ဌော ဘုရားရင်ပြင်ပေါ်၌ကျင်းပရာ အလှူရှင် ဒေါ်သန်းမေက ငွေကျပ် သိန်း ၂၀ နှင့် ဦးခင်အောင်-ဒေါ်အေးသန့်မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေထံ ပေးအပ်လှူဒါန်းကြသည်။ (၀၆၉)

နွားထိုးကြီး၌ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ရက်က မြို့နယ်စုပေါင်းရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူးဦးရဲမြင့်အောင်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ညှိနှိုင်းအစည်းအဝေးတွင် ဓာတ်မြေဩဇာဖိုး ပြန်လည်ကောက်ခံရေး၊ မိုးစပါးနှင့်သီးနှံများအခြေအနေတို့ကို ညှိနှိုင်းကြသည်။ *(၀၉၂)*

လားရှိုးမြို့နယ် ကုန်းဆာကျေးရွာ၌ ဆုံစည်းရာရိပ်မွန် အဆောက်အအုံဖွင့်

လားရှိုးမြို့နယ် ကုန်းဆာကျေးရွာတွင် ပြည်သူလူထုအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆုံစည်းရာရိပ်မွန် အဆောက်အအုံဖွင့်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်က အဆိုပါအဆောက်အအုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဦးသန်းဇော်နှင့် နေပြည်တော် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ကျန်းမာရေး ပညာ) ဒေါက်တာခင်မောင်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းသန်းဦးက ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။ (၀၁၆)

လမြတ်နတ်တော် စာဆိုတော်

■ ပြည်မြန်မာတွင်-
များစွာကဝိ၊ ပညာရှိမှာ
ကဗျာရေးခြယ်၊ ကာရန်သွယ်၍
မှတ်ဖွယ်စာပေ၊ စကားပြေနှင့်
စာပေအသွင်၊ ကြေးမုံပြင်၌
ခိုဝင်ပေါင်းစု၊ ယဉ်ကျေးမှုနှင့်
ရတုရကန်-
အဲအန်ဧချင်း၊ ပန်းစုံခင်း၍
လမင်းပမာ၊ ရွှန်းလဲ့သာသည်
စာဆိုတော်တို့ ကျေးဇူးတည်း။

■ နတ်တော်ဆန်းစ-
လဆန်းတစ်ကို၊ စာဆိုတော်နေ့
မမေ့ဘယ်ခါ၊ ရှေးစဉ်လာမို့
စာပေပေါင်းစု၊ ယဉ်ကျေးမှုကို
အနုပညာ၊ တေးလင်္ကာဖြင့်
ကမ္ဘာနှံ့သိ၊ ထင်ရှားရှိအောင်
အသိနှင့် ယှဉ်၊ ပေါင်းစပ်မြင်သည့်
ဉာဏ်ထွင်မြင်းမိုရ်၊ မြတ်စာဆိုတို့
ရှိသေထားကာ၊ ရေးဖွဲ့လာသည့်
စာပေပွင့်ဖူး၊ ထိုကျေးဇူးကို
ထူးထူးမြတ်မြတ်၊ စိတ်ဝယ်မှတ်၍
လေးမြတ်ကော်ရော်၊ လနတ်တော်၌
ပူဇော်သက္ကာ၊ မြဲပြုကြသည်
ရှေးအစဉ်လာ မပျက်တည်း။ ။

နှင်းမောင် (ဇီးကုန်း)

စာဆိုတော်နေ့ အထိမ်းအမှတ် နေပြည်တော် တပ်ကုန်း၌ ဟောပြောပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၇

နေပြည်တော် တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က၁၃၇၁ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် ည၇နာရီတွင် နေပြည်တော်တပ်ကုန်း ဗုဒ္ဓသာသနာပြုဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ ဂျက် (ကွမ်းခြံကုန်း) နှင့် စာရေးဆရာမ ကြူကြူသင်းတို့က ဟောပြောကြမည် ဖြစ်သည်။ (၀၉၁)

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ကဇူးကိုင်းကျေးရွာအုပ်စု ဂြစ်ချောင်းကျေးရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၆ရက်က ကျင်းပရာ ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းမြိုင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မိမိသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

စိန်ပေါလ် ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

စိန်ပေါလ်ကျောင်းသားဟောင်းများ အထက(၆) ဗိုလ်တထောင် ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုကြသော ကျောင်းသားဟောင်းများ၊ ညစာစားပွဲ တက်ရောက်လိုကြသော ကျောင်းသားဟောင်းများသည် ရဲမှူးကြီး မိုက်ကယ်လှမြင့်(ငြိမ်း) ဖုန်း- ၅၈၀၂၂၁၊ ဦးမောင်မောင်မြင့် ဖုန်း-၅၄၇၄၅၅၊ ဦးသိန်းဆွေ(မြန်မာနဝရတ်) ဖုန်း-၂၂၁၂၂၄၊၃၈၈၁၈၈၊ ဦးအယ်ဒီဘဦး ဖုန်း-၀၉-၅၀-၁၉၀၅၃၊ ဦးသက်အောင် ဖုန်း-၄၀၀၃၅၆နှင့် ဦးဆန်နီတင့်ဇော် ဖုန်း- ၀၉-၅၀-၄၂၉၇၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ (၅)လမ်း၊ အမှတ် ၄၆နေ
ဦးဝင်းသန်းဦး-ဒေါ်ခင်ပြုံးရီ
တို့၏သား

မောင်သန်းအောင်လင်း

B.Sc(Zoology)

'တက်နေဝန်း' ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သီဟသူလမ်း၊ အမှတ် ၁၉၃နေ
(ဦးဆန်းညွှန့်ဦး)-ဒေါ်ပိုပို
တို့၏တစ်ဦးတည်းသောသမီး

မထက်ထက်ဦး

B.A(English), Dip in C.S,
Dip in TEFL(London Teacher Training College, UK)

တို့သည် ၂၇-၁၁-၂၀၀၉ရက်(သောကြာနေ့)တွင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့၏ရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းအောင်လင်း-မထက်ထက်ဦး။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးထွန်းထွန်း)-ဒေါ်လှကျင်တို့၏ သားထွေး

မောင်မြတ်ထွန်း

(BE-EP),Electrical Engineer,
Uniwes Engineering (s)Pte.,Ltd.,Singapore

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ခိုင် တို့၏သမီး

မနှင်းဝင့်လွင်

B.Sc(Zoology)(Credit)Account Administrative Manager
Evoltech Trading and Contract Service-Singapore

တို့သည် ၂၈-၁၁-၂၀၀၉ရက်(စနေနေ့)တွင် Sedona Hotel (Yankin Room)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးခင်မြင့်(ငြိမ်း)တပ်မတော်-(လေ)နှင့်ဇနီး ဒေါ်စန်းစန်းမြင့်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်လာသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်မြတ်ထွန်း-မနှင်းဝင့်လွင်။

မွေးနေ့ဆုမွန်

ချစ်သောပါပါ အရာခံဗိုလ်မျိုးသန့်၏ ၂၇-၁၁-၂၀၀၉ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှောင်နှစ်ပေါင်း (၁၂၀)တိုင်သည်အထိ ချစ်ဇနီး၊ ချစ်သား၊ ချစ်သမီးတို့နှင့်အတူ သာယာပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ-

ချစ်ဇနီး	-	**ဒေါ်စန်းစန်းဦး**
ချစ်သားကြီး	-	**မောင်ကျော်စိုးသန့် B.Sc(Botany)**
ချစ်သမီးလတ်	-	**မအိမွန်သန့်B.Sc(Zoology)**
ချစ်သမီးငယ်လေး	-	**မအိစိမ့်စိမ့်သန့်Grade-II,B အထက(၁)မင်္ဂလာဒုံ**

အမြန် အလို ရှိသည်

ပွဲအဘိတန်

ဦးကျော်ဝေယျ

2010

BRANDED & IMPORTED

အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၅/၁)၊ မြေချိန် ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကို ဒေါ်ခင်အေးဆင့်မှ ပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းထံမှဒေါ်ဝင်းဝင်းမော်က အောက်ကတိစာချုပ်ဖြင့် ၆-၆-၂၀၀၈ ရက်တွင် ဝယ်ယူခဲ့ပါသည်။ ဒေါ်ဝင်းဝင်းမော်ထံမှ ဦးထိန်လင်းက မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၈၂/၂၀၀၉)ဖြင့် တရားဝင်ဝယ်ယူခဲ့ပြီး နှစ်(၃၀)အငှားဂရန်အမည်ပြောင်းလဲခွင့်ကို မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယနေ့မှစ၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လျှောက်ထားသူ၏ နှစ်(၃၀) အငှားဂရန်အမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ် (န/၁၆၈)နေ မသီတာဝင်း ၇/ကကန(နိုင်)၀၁၁၅၇၅ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

မိခင်-ဒေါ်ဝင်းရီ ၇/ကကန(နိုင်)၀၁၁၉၇၈။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးသိန်းအောင်)-ဒေါ်စန်းစန်းကြည် ၁၂/ဥကတ(နိုင်)၀၅၄၂၄၄တို့၏သမီး၊ မအေးအေးခိုင်သည် မိဘများ၏ပြောဆို ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒဖြင့် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်- ဒေါ်စန်းစန်းကြည် (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)။

အမည်ပြောင်း

ဗိုလ်မှူးဝင်းခိုင်(က-၂၇၀၀၀)- မနှင်းသီတာဦး ၁၂/ဥကမ(နိုင်) ၁၄၆၀၈၇တို့၏သား မောင်ကောင်းဆက်အောင်အား ယနေ့မှစ၍ မောင်ခန့်စည်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်စည်ဦး။**

ရန်ကင်းစစ်မှုထမ်းဟောင်း ထောက်ပံ့ငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)မှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်း အဝေးခန်းမ၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်အေး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး အသက် (၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၂ဦး၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခြောက်ဦးနှင့် ပညာရည်ချွန်ဆု ရရှိသူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ) (၁၇၀)**

တောင်ငူ အထက(၂) အာစရိယပူဇော်ပွဲ

တောင်ငူ နိုဝင်ဘာ ၂၇

တောင်ငူမြို့ အထက(၂) ယခင်(အမျိုးသားကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက်(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် အထက(၂) ဆရာကွန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲသို့ ရပ်ဝေးရပ်နီးမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးတင်ထွေး ဖုန်း-၀၅၄-၂၃၁၇၀၊ ဦးကျော်မောင်း ဖုန်း-၀၅၄-၂၅၂၄၀၊ ဦးတင်လှိုင် ဖုန်း-၀၅၄-၂၅၄၁၆၊ ဒေါ်ဝင်းမင်းသက် ဖုန်း-၀၅၄-၂၄၂၂၄/ ၂၃၈၁၅၊ဒေါ်ထက်ထက်မိုး ဖုန်း-၀၅၄-၂၄၆၂၁/ ၂၃၉၆၁နှင့် ဦးထွန်းဝေ(ကျောင်းအုပ်ကြီး) အထက(၂) ဖုန်း-၀၅၄-၂၃၁၄၆ တောင်ငူမြို့ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၇)**

တောင်ဥက္ကလာပ အထက(၄) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများမှ ဖိတ်စာရရှိသည်ဖြစ်စေ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဒေါ်ခင်ဝေကြည် ဖုန်း-၅၆၅၁၂၀၊ ဦးမျိုးလွင် (ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) ဖုန်း-၀၉-၈၀-၃၀၉၇၀၊ ဦးသိန်းထွန်း ဖုန်း-၅၆၁၂၅၁၊ ဦးဆန်း (ကိုကြည်လှိုင်)-ဖုန်း-၅၇၁၈၄၀၊ ဦးအောင်စိုး ဖုန်း-၅၇၀၁၉၀၊ ဒေါ်ခင်ဌေးမြင့် ဖုန်း-၅၆၄၆၈၆၊ ၀၉-၅၀-၃၂၇၇၉၊ ဒေါ်စန်းစန်းဝင်း ဖုန်း- ၇၂၅၀၅၄၊ ၀၉-၅၀-၂၈၅၉၅၊ ဒေါ်သင်းသင်း ဖုန်း-၅၇၁၅၉၄နှင့်၊ ဒေါ်အေးအေးဆင့်-(Top မူကြို) ဖုန်း-၅၆၁၈၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

Manual
Auto
Auto + Manual
500 VA မှ 20 KVA

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောသရုပ်ပြပွဲ လှိုင်မြို့နယ် သစ်လုပ်ငန်းအခြေစိုက်အလုပ်ရုံ၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်းအတွင်း မီးလောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လှိုင်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ရန်ကုန်)မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို နိုဝင်ဘာ၂၄ရက် နံနက်ပိုင်းက အဆိုပါအလုပ်ရုံဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် အခြေစိုက်အလုပ်ရုံ လက်ထောက်မန်နေဂျာ (အင်/ယာ) ဦးအောင်ဇော်လေးက အမှာစကားပြောကြားပြီး လှိုင်မြို့နယ် မီးသတ်ဦးစီး အရာရှိ ဦးကျော်နိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ ဝန်ထမ်းများနှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းနှင့် မီးသတ်စက်ဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

တစ်ဦးတည်းဖြစ်ကြောင်း

အင်းစိန်၊ ကမ်းနားအလယ်ရပ်ကွက်၊ အမှတ် ၅၊ ဖန်စက်လမ်းနေ ကျွန်တော်ဦးမောင်စိန် ၁၂/အစန(နိုင်)၀၂၂၈၄၃နှင့် ဦးစိန် ၁၂/အစန(နိုင်)၀၂၂၈၄၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်စိန်(ခ)ဦးစိန်။

မီး သတိပြု

လှည်းကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၏နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲကို နိုဝင်ဘာ ၂၇ ရက်က လှည်းကူးမြို့နယ် မရမ်းချောင်းကျေးရွာ၌ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်တင်ထွန်းက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(၁၂၇)

28-11 (13).pmd 1 11/28/2009, 2:52 PM

ဂီနီဘစ်ဆော သမ္မတနိုင်ငံဆိုသည်မှာ . . .

နိုင်ငံတကာသတင်းအက်ဆေး

ဂီနီဘစ်ဆောသမ္မတနိုင်ငံသည် အာဖရိကတိုက်အနောက်ဘက် အတ္တလန္တိတ် သမုဒ္ဒရာကမ်းခြေဒေသ၌ တည်ရှိသည်။ အာဖရိက ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာရှိသော စံပြနိုင်ငံအဖြစ် တစ်ချိန်က ချီးကျူးခံရသည့် ဂီနီဘစ်ဆောသမ္မတနိုင်ငံမှာ ယခုအခါ ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံ တစ်နိုင်ငံဖြစ်နေသည်။

အိုးအိမ်စွန့်ခွာ

ဤနိုင်ငံတွင် နိုင်ငံခြားကြွေးမြီများစွာတင်ရှိနေပြီး စီးပွားရေးမှာ နိုင်ငံခြားအကူအညီပေါ်တွင် အကြီးအကျယ်မှီခိုနေရသည်။ သည့်အထဲ ၁၉၉၀ပြည့်လွန်နှစ်များနောက်ပိုင်း ခါးသီးစွာကြုံတွေ့ခဲ့ရသည့် ပြည်တွင်းစစ်ကြောင့် ထောင်ပေါင်းများစွာသော ပြည်သူတို့ သေကျေဒဏ်ရာရပြီး ထောင်ပေါင်းများစွာတို့ အိုးအိမ်စွန့်ခွာခဲ့ကြရသည်။

ကြေညာ

ဤနိုင်ငံသို့ ပေါ်တူဂီတို့ ၁၈၄၆ခုနှစ်တွင် ပထမဆုံးရောက်ရှိကြသည်။ ယင်းနောက် ပေါ်တူဂီကိုတ်ဗာဒီကျွန်းများ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်သည်။ ၁၈၇၀ပြည့်နှစ်တွင် ဂီနီဘစ်ဆောသည် သီးခြားကိုလိုနီလက်အောက်ခံ ဖြစ်လာသည်။ ၁၉၅၁ခုနှစ်တွင် ဂီနီဘစ်ဆောကို ပေါ်တူဂီ၏ ပြည်နယ်တစ်ခုအဖြစ် ကြေညာခဲ့သည်။

၁၉၅၆ခုနှစ်တွင် ဂီနီနှင့်ကိတ်ဗာဒီလွတ်လပ်ရေးဆိုင်ရာ အာဖရိကပါတီ(ပီအေအိုင်ဂျီစီ)ကို အမီကာကာဘရယ်က ထူထောင်သည်။ ၁၉၆၃-၁၉၇၄ခုနှစ်များတွင် ပီအေအိုင်ဂျီစီပါတီက လွတ်လပ်ရေးစစ်ပွဲဆင်နွှဲခဲ့သည်။

လုပ်ကြံခံရ

၁၉၇၃ခုနှစ်တွင် ထိုပါတီက ပေါ်တူဂီလက်အောက်မှ ဂီနီဘစ်ဆောလွတ်လပ်ရေးရရှိကြောင်း ကြေညာပြီး နိုင်ငံကိုလည်း ဂီနီဘစ်ဆောသမ္မတနိုင်ငံဟု အမည်ပေးလိုက်သည်။ အမီကာကာဘရယ် လုပ်ကြံခံရသည်။ ၁၉၇၄ခုနှစ်တွင် ပေါ်တူဂီက လွတ်လပ်ရေးပေးသည်။ အမီကာကာဘရယ်၏ညီ လူဝီကာဘရယ် သမ္မတဖြစ်လာသည်။

၁၉၈၀ ပြည့်နှစ်တွင် သမ္မတလူဝီကာဘရယ်ထံမှ ဂျောက်ဘာနာဒိုဗီရိုင်းယား ဦးဆောင်ပြီး စစ်တပ်က အာဏာသိမ်းခဲ့သည်။

ရွေးချယ်

၁၉၉၄ ခုနှစ်တွင် ပထမဆုံးလွတ်လပ်စွာကျင်းပသည့် ရွေးကောက်ပွဲ၌ ဂျောက်ကာနာဒိုဗီရိုင်းယားအား သမ္မတအဖြစ် ရွေးချယ်သည်။ ၁၉၉၈ခုနှစ်တွင် သမ္မတဗီရိုင်းယားက စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမိန်းကို ရာထူးမှဖယ်ရှားပြီးနောက် တပ်တွင်းပုန်ကန်မှုဖြစ်သည်။ ၁၉၉၉ခုနှစ် မေလတွင် ဗိုလ်ချုပ်ကြီးမိန်းဦးဆောင်သည့် စစ်သားများက သမ္မတဗီရိုင်းယားကို ဖြုတ်ချသည်။ ယာယီသမ္မတအဖြစ် မာလက်ဘက်ကဲဆန်ဟာကို ခန့်အပ်လိုက်သည်။

၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ကွမ်ဘာယာလာအား ရွေးချယ်သည်။ ထိုနှစ် နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီးမိန်း လုပ်ကြံခံရသည်။

၂၀၀၃ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် သမ္မတယာလာအား စစ်တပ်က ဖယ်ရှားအာဏာသိမ်းသည်။ ထိုနှစ် စက်တင်ဘာ ၂၈ရက်တွင် ယာယီသမ္မတ ဟင်းရစ်ရိုဆာ၊ ယာယီဝန်ကြီးချုပ် အင်တိုနီယိုအာတာရိုဆာတို့ ဦးဆောင်သည့် အရပ်သားအစိုးရ ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည်။

ကြိုးပမ်းဆောင်ရွက်

၂၀၀၅ခုနှစ် ဧပြီလတွင် သမ္မတဟောင်း ဂျောက်ဘာနာဒိုဗီရိုင်းယား ပေါ်တူဂီ၌ ခိုလှုံရာမှ ပြန်ရောက်လာသည်။ ထိုနှစ်ဇူလိုင်လ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည်။ ထိုနှစ် အောက်တိုဘာလတွင် သမ္မတဗီရိုင်းယားက ဝန်ကြီးချုပ်ကာလို့စ်ဂိုမက်အစိုးရကို ဖယ်ရှားလိုက်သည်။ ၂၀၀၇ ခုနှစ်တွင် ဝန်ကြီးချုပ် အရစ်တိုက်ဂိုမက် အယုံအကြည်မရှိအဆို အရေးနိမ့်ပြီး ရာထူးမှထွက်ပေးရသည်။ မာတင်ဟို ဝန်ကြီးချုပ်ဖြစ်လာသည်။

စီးပွားရေးနှင့် နိုင်ငံရေးအခြေအနေ ပြန်လည်ကောင်းမွန်ရေးအတွက် အစိုးရက စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်သည်။

သီဟိုဠ်သရက်စေ့သည် ဂီနီဘစ်ဆောနိုင်ငံ၏ နိုင်ငံခြားငွေအဓိကရှာပေးသည့် ထွက်ကုန်တစ်ခုဖြစ်သည်။ ဂီနီဘစ်ဆောတောင်သူလယ်သမားများ၏ နေထိုင်မှုဘဝ မြှင့်လည်တိုးတက်ရေးအတွက် လည်း သီဟိုဠ်သရက်စေ့မှာ အရေးပါသည်။ ။

သီဟိုဠ်သရက်စေ့သည် ဂီနီဘစ်ဆောနိုင်ငံ၏ နိုင်ငံခြားငွေ အဓိကရှာပေးသည့် ထွက်ကုန် တစ်ခုဖြစ်၏။ ဂီနီဘစ်ဆော တောင်သူ လယ်သမားများ၏ နေထိုင်မှုဘဝ ချောင်လည်တိုးတက်ရေး အတွက်လည်း သီဟိုဠ်သရက်စေ့မှာ အရေးပါ။

ကိုးကား-အင်တာနက် **တိုးရေးသားသည်**

ကမ္ဘာ့အလုပဆုံး အဆောက်အအုံများ

ကမ္ဘာ့အလုပဆုံး အဆောက်အအုံများ

ကမ္ဘာ့အလုပဆုံး အဆောက်အအုံများ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လှပသောဒီဇိုင်းဖြင့် တည်ဆောက်ထားသော အဆောက်အအုံများအနက် ဆွဲဆောင်မှုအရှိဆုံး၊ ဒီဇိုင်းပုံစံအလှဆုံး အဆောက်အအုံအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ဂျပန်နိုင်ငံမှ နာကာဂင်အဆောက်အအုံ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တည်ရှိသော ၁၃ထပ်မြင့်အဆောက်အအုံ ဖြစ်သည်။ ၁၉၇၀ပြည့်နှစ်မှစတင် တည်ဆောက်ခဲ့ရာ ၁၉၇၂ခုနှစ်၌ ပြီးစီးခဲ့သည်။ စုစုပေါင်း အကျယ်အဝန်းမှာ ၃၀၉၁ဒသမ ၂၃စတုရန်းမီတာဖြစ်သည်။

ယင်းအဆောက်အအုံကို ဂျပန်နိုင်ငံ ကီရှိုကုရိုကာဝါနှင့် ရှင်ဘာချီကုမ္ပဏီတို့က ဒီဇိုင်းပုံစံထုတ်လုပ်ကာ တည်ဆောက်ထားသည်။ ရုံးခန်းများ၊ ဟောပြောပွဲခန်းမများ၊ လူနေခန်းများ ပါဝင်သည်။ ကမ္ဘာပေါ်တွင် လေးထောင့်ပုံ၊ ထောင့်ချိုးပုံသဏ္ဍာန်များဆင့်၍ တည်ဆောက်သည့် ပထမဆုံး အဆောက်အအုံဖြစ်သည်။ **(ဝဲပုံ)** ကမ္ဘာပေါ်တွင် အလှဆုံးအဆောက်အအုံတစ်လုံးအဖြစ် မှတ်တမ်းပြုခြင်းခံရသည်။ **(အင်တာနက်)**

စပိန်နိုင်ငံ ဘီလ်ဘာအိုပြတိုက်

စပိန်နိုင်ငံ ဘက်စကွီစီရင်စုရှိ ဘီလ်ဘာအိုမြို့၌တည်ရှိသည်။ ယင်းအဆောက်အအုံကို ကနေဒါ-အမေရိကန် ဗိသုကာပညာရှင် ဖရန့်ဂီရီက ဒီဇိုင်းပုံစံထုတ် တည်ဆောက်ထားခြင်းဖြစ်သည်။

မြင်ကွင်းလှပ

ဘီလ်ဘာအို အဆောက်အအုံကို ပြတိုက်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ပြီး ပန်းပွင့်ပုံသဏ္ဍာန် ဖော်ညွှန်းထုတ်လုပ်တည်ဆောက်ထားသည်။ (ယာပုံ) ဘီလ်ဘာအိုပြတိုက်သည် နေဗီရွန်မြစ်ကမ်းတွင် တည်ဆောက်ထားသဖြင့် မြင်ကွင်းလှပလျက်ရှိသည်။ ၎င်းကို ၁၉၇၇ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် အဆန်းကြယ်ဆုံးနှင့် အလှပဆုံးအဆောက်အအုံအဖြစ် မှတ်တမ်းတင်ထားသည်။

(အင်တာနက်)

ကနေဒါနိုင်ငံမှ အွန်တာရီယိုပြတိုက်

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် တည်ဆောက်ထားသည်။ ၁၉၁၂ခုနှစ် ဧပြီ၁၆ရက်၌ စတင်တည်ဆောက်ခဲ့ပြီး တြိဂံပုံသဏ္ဍာန် အတုံးများကို ဆက်စပ်တည်ဆောက်ထားခြင်း ဖြစ်သည်။ အွန်တာရီယိုပြတိုက်သို့ နှစ်စဉ်ကမ္ဘာလှည့် ခရီးသည် တစ်သန်းခန့် လာရောက် လည်ပတ်လေ့ရှိသည်။ ကနေဒါနိုင်ငံ၏ အကြီးဆုံးပြတိုက်ဖြစ်သကဲ့သို့ မြောက်အမေရိကတိုက်တွင် ပဉ္စမမြောက် အကြီးဆုံးပြတိုက်လည်းဖြစ်သည်။ (အပေါ်ပုံ) ယင်းပြတိုက်တွင် ကမ္ဘာ့ဒေသအသီးသီး၊ နိုင်ငံအသီးသီးမှ ရှာဖွေတွေ့ရှိရသော အရိုးစုပေါင်း ၁၅၀၀၀၀ခန့် ပြသထားရှိသည်။ ကမ္ဘာပေါ်တွင်အလှပဆုံးအဆောက်အအုံတစ်လုံးအဖြစ် မှတ်တမ်းတင်ထားသည်။ (အင်တာနက်)

28-11 (15).pmd 1 11/28/2009, 2:52 PM

သီပေါ၌ မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေး ဟောပြော

သီပေါ နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ၁၄ရက် နံနက် ၁၀နာရီက ဆွတ်လန်းကျေးရွာ မူလတန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ သီပေါမြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြ(**အပေါ်ပုံ**)က အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

သိကောင်းစရာ

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်တင်တင်အေးက ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းနှင့် အာဟာရအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တိုင်းရင်းဆေးဌာနမှ ဆရာမ ဒေါ်အိအိကျော်က ပင်စိမ်းပင်၏ အစွမ်းအာနိသင်ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မျိုးသန့်က လူကုန်ကူးမှုဆိုင်ရာ ကိစ္စများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ (ဝ၂ဝ)

မျိုးဆက်သစ် စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ ညောင်တုန်း၌ကျင်းပ

ညောင်တုန်း နိုဝင်ဘာ ၂၄

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကြိမ်ချောင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် မျိုးဆက်သစ် ကျေးလက်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ၁၃ရက် နံနက် ၉နာရီ မိနစ်၂၀က ကျေးလက်စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြည်ကြည်အေးနှင့် ကြိမ်ချောင်းကျေးရွာဥက္ကဋ္ဌ ဦးဂုဏ်ဝင်းတို့က ပန္နက်တင်ပေးကြသည်။

တည်ဆောက်

အဆိုပါစာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀သိန်းမတည်၍ ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ယင်းမာပင် မြို့မဈေး၌ ဈေးဆိုင်များ စစ်ဆေး

ယင်းမာပင် နိုဝင်ဘာ ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း တည်ခင်းရောင်းချနေသော ဈေးဆိုင်ခန်းများ စည်းကမ်းတကျ သန့်ရှင်းသပ်ရပ်စွာ ရောင်းချရေးနှင့် အိမ်သုံးဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု ရှိ၊ မရှိတို့ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ နိုဝင်ဘာ ၁၃ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိဦးဝင်းဇော်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၁

ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၇ရက်က တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူးဦးတင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက်လုပ်ငန်းဆောင်ရွက်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပဲခူးခရိုင်နှင့်တောင်ငူခရိုင် ဦးစီးအရာရှိတို့ကလုပ်ငန်းဆောင်ရွက်မှုအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဦးစီးမှူးက တင်ပြချက်များအပေါ် လုပ်ငန်းအလိုက်ပြန်လည်၍ ဖြည့်စွက်ရှင်းလင်း မှာကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံသားကတ်ပေးအပ်

မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ နိုဝင်ဘာ ၂၂ ရက်က အမှတ်(၄) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း သား၊ ငါးများရောင်းချရာတွင် ယင်လုံဆန်ခါများဖြင့် ရောင်းချနေခြင်း ရှိ၊ မရှိကို ဒုတိယဦးစီးမှူး(ဈေး) ဦးမြသိန်း၊ ကျန်းမာရေးမှူး(၂) ဦးအောင်ဘိုလင်းနှင့်အဖွဲ့ ဝန်ထမ်းများ ကွင်းဆင်း ကြီးကြပ် စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံခရိုင်တိုင်းရင်းဆေးမှူး ဦးအောင်တိုး၏ စီစဉ်ကြီးကြပ်မှုဖြင့် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာ ဖြန့်ဝေပေးအပ်ပွဲကို ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် မြို့နယ်တိုင်းရင်း ဆေးကုဌာန လက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်ခင်စုလှိုင်တို့က ကျေးရွာများမှ အရေးပေါ်သုံး မြန်မာဆေးသေတ္တာ ကိုင်ဆောင်မည့်သူများထံ ပေးအပ်စဉ်။ (၁၅၅)

စံ(၅)ချက်နှင့် ညီသော စာကြည့်တိုက်ဖြစ်ရေး မင်းတပ်၌ ဆွေးနွေး

မင်းတပ် နိုဝင်ဘာ ၂၀

မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရှင်သန်ခိုင်မာရေး၊ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံများ ရရှိရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်းလောတမ်သည် နိုဝင်ဘာ ၁၂ရက်က ဗွီကျေးရွာသို့သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌ ဦးပညာအောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ညှိနှိုင်းဆွေးနွေးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၃၀-၁၁-၂၀၀၉ (တနင်္လာနေ့)

☐ Talking About Leisure Activities
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Expressing Likes and Dislikes
- တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၁-၁၂-၂၀၀၉(အင်္ဂါနေ့)

☐ Religious Policy of Mindon Min
- တတိယနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Jurisprudence
- ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၂-၁၂-၂၀၀၉(ဗုဒ္ဓဟူးနေ့)

☐ Experimental Study of Human Learning
- ဒုတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ "အဲချင်းကဗျာစုလာညည်းချင်း" ကဗျာစုမှ မြန်မာ့သဘာဝအလှများ
- ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၁၂-၂၀၀၉(ကြာသပတေးနေ့)

☐ "ဘာသာဆောင်းပါးများ ပို့ချချက်"
- ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ English Literature Drama Michael (I)
- ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၁၂-၂၀၀၉(သောကြာနေ့)

☐ English Literature Drama Michael (II)
- ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Reported Speech
- ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၁၂-၂၀၀၉(စနေနေ့)

☐ သတ္တဗေဒ
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ အိန္ဒိယစာပေသမိုင်း
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ နေရီရိဝတ္ထု
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ လူ့ဘာသာစကားတိုးတက်ဖြစ်ပေါ်မှုအစဉ်
- တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ပါဠိဘာသာနှင့် မြန်မာဘာသာ
- တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဥဒါန်းကျမ်း ကောက်နုတ်ချက်
- တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ ဓမ္မပဒအဋ္ဌကထာကျမ်းလာ ကောက်နုတ်ချက်များ
- တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၁၂-၂၀၀၉(တနင်္ဂနွေနေ့)

☐ "Endemism" and "Continental Drift Theory"
- ဒုတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Jungle Cocks
- ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Vector Analysis
- ဒုတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Philosophy of Kierkegaard
- ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Revenue Law
- ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Induced Electromotive Force
- ဒုတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Dugesia (Euplanaria)
- ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉)သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ် မောင်မယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၉) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၀၉)သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ် မောင်မယ်များအား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳